# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၆၀)၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၁၂-၁၁-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ၎င်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဖြိုချဖျက်ဆီး ရှင်းလင်းလျက်ရှိသည်။

"KK Park ဇုန် (A) အတွင်းမှာ အဆောက်အအုံ စုစုပေါင်း ၁၄၈ လုံးရှိပါတယ်။ ဒီနေရာမှာ အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီး မလုပ်ဆောင်နိုင်အောင် အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာ ဖြစ်ပါတယ်။ အဆောက်အအုံ ၁၁၀ ကိုတော့ ဖြိုချဖျက်ဆီးပြီးပါပြီ။ ကျန်ရှိတဲ့ အဆောက်အအုံ ၃၅ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

စာမျက်နှာ ၄ သို့ ◆




မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုပြုလုပ်သူများ၏ နေအိမ်လိုင်းခန်းများအား ဖြိုချဖျက်ဆီးမှုများ မပြုလုပ်မီ တွေ့ရစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

— — — — —

အီယွန်းကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

စာမျက်နှာ ၁၁

— — — — —

မန္တလေးနဲ့ လျှောင်(ဌာပနာအမွေအနှစ်များ-၁၇) (ဆောင်းပါး)

စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း။ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၁၂ ရက် ၊ ဗုဒ္ဓဟူးနေ့ ။
မန္တလေး

## တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး ဆောင်ရွက်လျက်ရှိ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ်လက်ခံမှုနှင့် နည်းပညာအဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များဖြစ်လာစေရန်၊ ဘဏ္ဍာရေးယန္တရားများအား လက်လှမ်းမီအသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်မှုရှိသောဈေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအား အစိမ်းရောင်အသွင်ကူးပြောင်းရန် လိုအပ်သောကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်းစည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သောတိုးတက်မှုအတွက် စွမ်းအားပြည့်နေသော အင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(ACCMSME)အစည်းအဝေး၌ ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ကော်မတီဝင်အားလုံး MSME များ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန် ကတိကဝတ်ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်ဆန်းစစ်မှုအဖြစ် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင်မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ကို ပြန်လည်သုံးသပ်ခြင်း အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့် အာဆီယံဆိုင်ရာအသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။ တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

**ပုသိမ်ကြီး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးရုံး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးညွန့်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် "မတ် ၂၈ ရက်က လှုပ်ခတ်သွားတဲ့ မန္တလေးငလျင်ကြီး ဘေးအန္တရာယ်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့မှာ လူသေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအပြင်၊ အခြေခံအဆောက်အအုံများစွာပျက်စီးဆုံးရှုံးခဲ့တာကိုလည်း အားလုံးတွေ့ကြုံသိမြင်ခဲ့ရပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရာသီဥတု ပြောင်းလဲမှုများကြောင့် စံချိန်တင်ဘေးအန္တရာယ်များ ဖြစ်ပွားမှုများနဲ့ ရင်ဆိုင်နေရကြောင်း၊ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း၊ သင်တန်းသားများအနေနဲ့ သဘာဝဘေးနှင့် ပတ်သက်တဲ့ အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ အမြင်သဘောထားတွေကို ပြန်လည်ပို့ချ ဖြန့်ဝေသွားဖို့ တက်ကြွစွာ ပိုင်းဝန်းဆွေးနွေး သင်ယူကြရန် လိုအပ်ကြောင်း စသည်ဖြင့်" ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇာမွန်ဦးနှင့် ဝန်ထမ်းများက သင်တန်းကာလ သုံးရက်၊ သင်တန်းသား ၃၀ ဦးတို့အား သင်ကြားပို့ချပေးမည်ဖြစ်ပြီး၊ သင်တန်းသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ပြည်ကြီးတံခွန်မြို့နယ်၌ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်းပြည့်စုံမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးသည့်နေရာသို့ တာဝန်ရှိသူများ ကြည့်ရှု စစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်း ပြည့်စုံမှန်ကန်စေရေး ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အဆိုပါ တိုက်ဆိုင်စစ် ဆေးသည့်နေရာသို့ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးဝန်ထမ်းများ၊ မြို့နယ်လဝကဝန်ထမ်းများ၊ ရပ်ကျေးကော်မရှင် ဥက္ကဋ္ဌများ ကော်မရှင်အတွင်းရေးမှူးနှင့် ရုံးအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ပါတီမှ ကိုယ်စားလှယ်များနှင့်အတူ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲစာရင်းတွင် ပါဝင်နိုင်ရေးစိစစ်ဆောင် ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**စင်မင်းမောင်(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၉လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်မှော်ရုံ၊ အထက(၁) အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို နိုဝင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင် လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အမျိုးသားအောင်ပွဲနေ့ ရုံးပိတ်ရက်တွင် သက်သာရောင်းချမှုကို ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်အတိုင်းရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)(မန္တလေးနေ့စဉ်-ဖ)

**သတင်းများ**
**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရာဇီးလ်နိုင်ငံ၏ (၂၀၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှိခံပွဲ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၁

ဘရာဇီးလ်နိုင်ငံ၏ (၂၀၃) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှိခံပွဲကို ယနေ့ညပိုင်းတွင်ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

**ရင်းရင်းနှီးနှီးကြိုဆို**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး HE Mr. Gustavo Rocha de Meneses နှင့် တာဝန်ရှိသူများက ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ (ယာပုံ)

**ညစာဖြင့် တည်ခင်းဧည့်ခံ**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘရာဇီးလ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးကကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုတောင်းစကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညှိခံပွဲသို့ တက်ရောက်လာသော ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညှိခံပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍ မြင့်မားရေးအတွက် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးလုပ်ငန်းများမှာကြားဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်နှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးများနှင့် မျိုး၊ မြေ၊ ရေ နည်းဆိုင်ရာ ပညာပေးဝန်ထမ်း ၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တောင်သူများထံ နည်းပညာနှင့် သတင်းအချက်အလက်များကို Mobile နည်းပညာဖြင့် အချိန်မီပေးပို့နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထွက်ရှိမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်ရေးအပြင် ဒေသတစ်ခုတွင် အောင်မြင်နေသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအတွေ့အကြုံများကို အခြားဒေသတောင်သူများ လိုက်ပါအသုံးပြုနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း၊ ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်မှုများရှိနိုင်သော်လည်း မိမိတို့ တတ်မြောက်ကျွမ်းကျင်ထားသည့်ပညာရပ်များ၊ အတွေ့အကြုံများကို အခြေခံ၍ တာဝန်ဝတ္တရားနှင့်လျော်ညီစွာ အားထုတ်ကြိုးပမ်းစီမံကြခြင်းဖြင့် တောင်သူများ ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုးပမ်းကြစေလိုကြောင်း။

အလားတူ သီးနှံများတွင်ပိုးသတ်ဆေးဓာတ်ကြွင်းများပါဝင်နေခြင်းသည် ဈေးကွက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသဖြင့် ပိုးသတ်ဆေးများ လျှော့ချအသုံးပြုနိုင်ရေးကို အသိပညာပေးစည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ ဆည်ရေသောက်၊ မိုးကောင်းသောက် ကမ်းရိုးတန်းဒေသ၊ ခြောက်သွေ့ဒေသနှင့် တောင်ပေါ်ဒေသစသော ဂေဟစနစ်အမျိုးမျိုးအတွက် သင့်တော်သောသီးနှံမျိုးများကို မွေးမြူရွေးချယ်ရာတွင် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သော လုပ်ငန်းရှင်များပါဝင်သော မျိုးမွေးမြူရွေးချယ်ရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သွားရန်လိုကြောင်း၊ AI နည်းပညာကို မိမိတို့ ဝန်ထမ်းများ ကျွမ်းကျင်စွာအသုံးပြုတတ်ရေးအပြင် တောင်သူများလည်း AI နည်းပညာနှင့် နီးနီးစပ်စပ်အသုံးပြုတတ်စေရေးကြိုးပမ်းကြရန်လိုကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သိရှိလိုသည်များကို AI တွင် အချိန်မရွေး မေးမြန်းအသုံးပြုနိုင်ပါက တောင်သူအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက အကြောင်းအရာတစ်ခုချင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြော

ကျောက်မဲ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သိရိရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျောက်မဲခရိုင် ဌာနဆိုင်ရာများက အသိပညာပေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်ဌေးက ပလတ်စတစ်ညစ်ညမ်းမှုနှင့် တစ်ခါသုံးပလပ်စတစ်လျှော့ချရေး အကြောင်းသိကောင်းစရာများ၊ လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းရီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ကျောက်မဲခရိုင် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်မူမူသိန်းက သဘာဝဘေးအန္တရာယ် ကိုးမျိုးအကြောင်းများနှင့် ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးဟောပြောကြသည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာဝန်ထမ်းများက ၎င်းတို့၏ ဌာနထုတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ နှစ်ထပ် Club အဆောက်အအုံနှင့် အွန်လိုင်းလိမ်လည်မှုများပြုလုပ်သည့်အလုပ်ရုံတို့ကို ဖြိုချဖျက်ဆီးမှုများ မပြုလုပ်မီ တွေ့ရစဉ်။

◆ ရွှေဖုံးမှ

မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး ရှိကြောင်း သိရသည်။

အဆိုပါ ဇုန် (B) တွင် တစ်ထပ်လူနေအဆောက်အအုံ ခုနစ်လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၂၉ လုံး၊ သုံးထပ်လူနေအဆောက်အအုံ ငါးလုံး၊ ဆောက်လုပ်ဆဲ လေးထပ်အဆောက်အအုံ ခုနစ်လုံး၊ ဆောက်လုပ်ဆဲ ငါးထပ်အဆောက်အအုံ ငါးလုံးနှင့် ဂိုဒေါင်တစ်ထပ်အလုံး ၂၀ စုစုပေါင်း ၇၃ လုံး တည်ရှိခဲ့သည်။

အလားတူ ဇုန် (C ) တွင် တစ်ထပ်လူနေအိမ် ၃၃ လုံး၊ နှစ်ထပ်လူနေအိမ် ၂၁၆ လုံး၊ သုံးထပ်လူနေအိမ် ၄၂ လုံး၊ လေးထပ်လူနေအိမ် ၃၉ လုံး၊ ငါးထပ်လူနေအိမ် ၁၂ လုံး၊ ခြောက်ထပ် လူနေအိမ် လေးလုံး၊ ဘတ်စကက်ဘောကွင်း တစ်ခု၊ ဆေးရုံ နှစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံတစ်လုံး၊ တစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်ဈေးဆိုင်တန်း ငါးလုံး၊ နှစ်ထပ်စူပါမားကတ် တစ်လုံး၊ တစ်ထပ်စူပါမားကတ် တစ်လုံး၊ ငါးထပ်ဟိုတယ် တစ်လုံး၊ လေးထပ်ဟိုတယ် တစ်လုံး၊ တစ်ထပ်ဂိုဒေါင် ၃၅ လုံး၊ ဆေးခန်းနှစ်ခန်း၊ နှစ်ထပ်မုန့်ဆောင် တစ်လုံး၊ နှစ်ထပ် Club တစ်ခု၊ နှစ်ထပ်KTV တစ်လုံး၊ တစ်ထပ်စားဖိုဆောင် နှစ်လုံး၊ ရေစုကန်တစ်လုံး၊ တစ်ထပ်ဂိုဒေါင်ကြီး ခြောက်လုံး၊ တစ်ထပ်လူနေအိမ်တန်းလျား ငါးလုံး စုစုပေါင်း ၄၁၄ လုံး တည်ရှိခဲ့သည်။

KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သော အဆောက်အအုံများအတွက် လိုအပ်သည့်ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီမြို့ - မဲ့ထော်သလေး KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံသား ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

အောင်ကျိုင်း

ဓာတ်ပုံ- မင်းမင်း

❑ **KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သော အဆောက်အအုံများအတွက် လိုအပ်သည့် ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရ**

❍ **ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ**





မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၄၆
ရက်
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

### နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဒြေ့ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ကိစ္စရပ်များ၊ အထူးသဖြင့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ငလျင်ဘေးအလွန် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာဆွေးနွေးပွဲကျင်းပ





နေပြည်တော် နိုဝင်ဘာ ၁၁

ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူးများ)၊ ကျောင်းအုပ်ကြီးများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များ များစွာလိုအပ်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ဦးစီးဌာနအသီးသီးမှ အရာထမ်းများက သုတေသနအခြေပြုဆုံးဖြတ်ချက်များ၏ အရေးပါမှုများကို သိရှိနားလည်ပြီး ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာမူဝါဒလုပ်ငန်းစဉ်များတွင် သုတေသနတွေ့ရှိချက်များကို ထဲထဲဝင်ဝင် အသုံးပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေပြီး မိမိတွေ့ရှိချက်များကို အခြားဦးစီးဌာနများမှ တွေ့ရှိချက်များနှင့် မျှဝေနိုင်သည်ဖြစ်၍ အကြံပြုချက်များ များစွာရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွဲဖက်သင်ကြားနေသည့် အခြေခံပညာကျောင်းများတွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာ ဘာသာရပ်များကို သင်ယူနေသောကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုအပေါ် သဘောထားအမြင် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံပညာအထက်တန်းအဆင့် သင်ရိုးသစ် အကောင်အထည်ဖော်မှုအခြေအနေကို ဆန်းစစ်လေ့လာသည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံပညာကျောင်းများရှိ ကျောင်းသားများ၏ တန်းစဉ်ကူးပြောင်းနှုန်း (Transition Rate) လျော့နည်းရသည့် အကြောင်းရင်းကို လေ့လာဆန်းစစ်သည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားကြရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းပြီး ဆွေးနွေးမှုများဆောင်ရွက်ကြသည်။

ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့်အတူ နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအားကစားဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပခဲ့သည့် First Asian Cooperation Dialouge Ministerial Meeting on Sports သို့ တက်ရောက်ခဲ့ပြီး "ရုရှားနိုင်ငံဆိုင်ရာ အားကစားဖိုရမ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "အမျိုးသား အားကစား၏ အနာဂတ်-ရိုးရာဓလေ့ကို ပြန်လည်ထုတ်ဖော်ပြသခြင်း" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "လူထုအားကစားတွင် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံတကာ အားကစားစီမံကိန်းများအထိ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ဘောလုံး၏ အနာဂတ်: ၂၀၃၀ ပြည့်နှစ်တွင် ရုရှားပရီမီယာလိဂ်အတွက် မဟာဗျူဟာလမ်းညွှန်ချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Alexander Nikitin နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့အားကစား အောင်မြင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာနှင့် ပတ်သက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တော်ဝန်နှင့် တွေ့ဆုံခဲ့၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့သည်။



ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အားကစားဝန်ကြီး Siarhei Kavalchuk နှင့် တွေ့ဆုံခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ်မှစတင်၍ MoU နှစ်နိုင်ငံနားလည်မှု စာချွန်လွှာအရ ဘယ်လာရုစ်နိုင်ငံမှ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ကနူးကယက်လှေ၊ အနောက်တိုင်းလှေ၊ ဆာလော်လွမ်လှေနည်းပြများ မြန်မာနိုင်ငံသို့ စေလွှတ်ပေးနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကာဇက်စတန်နိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာနဝန်ကြီး Yerbol Myrzabosynov နှင့် တွေ့ဆုံ၍ လက်ဝှေ့အားကစားနည်းနှင့် နပန်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပြများရရှိစေရေးကို ကူညီဆောင်ရွက်ပေးရန် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် XIII International Sports Forum "Russia: Country of Sports, Plenary Session " (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အာရှပူးပေါင်းဆောင်ရွက်ရေး (ACD) အဖွဲ့ဝင်နိုင်ငံများမှ အားကစားဝန်ကြီးများနှင့် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက "အားကစားမြှင့်တင်ရေးအစဉ်အလာမှ ဆန်းသစ်တီထွင်မှုသို့-ACD နိုင်ငံများရှိအားကစား၏ အနာဂတ်" ဆောင်ပုဒ်ဖြင့် ACD အဖွဲ့ဝင်နိုင်ငံများအကြား အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသုံးစွဲမှုနှင့် လူငယ်အားကစားသမားများကို အားပေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားကဏ္ဍတွင် နိုင်ငံတကာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်တွေ့အသုံးချနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Palace of Sports ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး ပြတိုက်အတွင်းရှိ အားကစားပစ္စည်းနှင့် အဆောက်အအုံများကို လေ့လာသုံးသပ်ကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲစီမံခန့်ခွဲမှုတွင် အသုံးချနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အားကစားသမားများ၏ လေ့ကျင့်မှု၊ လုံခြုံရေးနှင့် နည်းပညာအသုံးချမှုဆိုင်ရာ အကောင်းဆုံးနည်းဗျူဟာများကို စူးစမ်းလေ့လာပြီး လိုအပ်သည့် အကြံဉာဏ်များကိုလည်းကောင်း ဆွေးနွေးသုံးသပ်မှုများပြုလုပ်ခဲ့ပြီး Samara မြို့ရှိ Vysotsky အားကစားနန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီးဦးဆောင်၍ "အနာဂတ်အတွက် အားကစား အတူတကွအနိုင်ရရှိခြင်း" မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်၍ အားကစားကဏ္ဍတွင် နိုင်ငံအဆင့်ပူးပေါင်းဆောင်ရွက်မှု၊ လူငယ်အားကစားသမားများ တိုးတက်စွမ်းဆောင်နိုင်ရေးနှင့် နည်းပညာအသုံးချမှုများ ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်များကို ဖော်ပြသုံးသပ်ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံရှိ လူငယ်များနှင့် လက်ရွေးစင်အားကစားသမားများအနေဖြင့် အားကစားကဏ္ဍအလိုက် လေ့ကျင့်နေမှုအခြေအနေများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှား-မြန်မာ အားကစားနှင့်လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် Samara မြို့၌ ကျင်းပခဲ့သည့် Memorial Parade စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် Samara မြို့မှ မော်စကိုမြို့၊ မော်စကိုမြို့မှ ဒူဘိုင်းမြို့၊ ဒူဘိုင်းမြို့မှ ဗန်ကောက်မြို့၊ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၇ မီလီမီတာမှ ၃၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (ပြည့်ဝ)အခြေအနေအသီးသီးရှိနိုင်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ NISG မှ နည်းပညာဆိုင်ရာကျွမ်းကျင် ပညာရှင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အိန္ဒိယသမ္မတနိုင်ငံ National Institute for Smart Government (NISG) မှ Advisor Technology & Consulting Mr. Sanjeev Bhatia နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတ နိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ အိန္ဒိယနိုင်ငံ၏ နည်းပညာဆိုင်ရာအတွေ့အကြုံကောင်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် e-ID စနစ်နှင့် အိန္ဒိယနိုင်ငံ၌ဆောင်ရွက်နေသည့် MOSIP Platform တို့ပေါင်းစပ်အသုံးပြုကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး အခြေအနေ၊ မြန်မာနိုင်ငံ၏ e-ID စနစ်သည် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် ရှေ့ပြေးစီမံကိန်းလုပ်ငန်းများအောင်မြင်ရေး ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းနှင့် ယခုရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ NISG မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် MoU အရ မြန်မာနိုင်ငံ၏ Digital ID ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၉ ရက်အထိ နည်းပညာဆိုင်ရာလိုအပ်သည့် စမ်းသပ်ချိတ်ဆက်မှုများကို ဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာ အရာရှိများနှင့်ပူးပေါင်းကာ အတွေ့အကြုံဖလှယ်ဆောင်ရွက်သွားမည်ဖြစ်သည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးငွေလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

## (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက်

၁။ (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို (၁၁-၁၁-၂၀၂၅) ရက်နေ့မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို (၂၄-၁၁-၂၀၂၅)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၇-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၁၁-၁၁-၂၀၂၅)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရမည့်အချက်များ

၁။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အဆိုပါကျောင်းများတွင် ကျောင်းတက်ရောက်ရမည့် ကျောင်းသား၊ ကျောင်းသူများအနက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရှိ ကျောင်းများတွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ရွေးကောက်ပွဲ စတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သော မိမိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများအား ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

(ခ) သက်ဆိုင်ရာကျောင်းများသို့မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း သွားရောက်မဲပေးနိုင်ပါသည်။

၂။ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့ ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**
**"လွတ်လပ်မျှတ၊ မဲပေးကြ"**

❑ စာမျက်နှာ ၂၄ မှ

တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး နိုဝင်ဘာ ၁၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အလှူရှင်မိသားစုက အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသလ္လ(မွှာစရိယ၊B.A) ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာ တရားနာယူကြည်ညိုကြပြီး ဖခင်ဦးခင်မောင်ကြီး(ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း)၊မိခင် ဒေါ်ခင်ဆွေတင်တို့အားရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဦးဇော်ခိုင်+ဒေါ်စန္ဒာမောင်၊ (သား)ကိုဇော်လင်းထက်၊ ကိုဇော်ကောင်းစံ မိသားစုက ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် အလှူငွေကျပ် ၁၈သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ တွဲဖက်အတွင်းရေးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။

PNT

# မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး မြို့မအပျော်တမ်း တူရိယာအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် ၁၉၂၅ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာ မကြာခင် နှစ်(၁၀၀)ပြည့် တော့မည်ဖြစ်ပါကြောင်း၊ မန္တလေးနှင့် မြို့မအပျော်တမ်းတူရိယာ အသင်းကြီးမှာ ခွဲခြား၍ မရပါကြောင်း၊ မြို့မိမြို့ဖများနှင့်အတူ ရှင်သန်ရပ်တည်လာခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မန္တလေးမြို့၏ ပြယုဂ် မြို့မအပျော်တမ်းတူရိယာအသင်းကြီးဖြစ်ပါကြောင်း၊ မြို့မိမြို့ဖများ၏ အစဉ်ထာဝရအားပေးနေမှုနှင့် အသင်းသူအသင်းသားများ၏ ညီညွတ်မှုနှင့် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့မှုတို့ဖြင့် နှစ်(၁၀၀)တိုင်ခရီးသို့ ရောက်တော့မည်ဖြစ်ပါကြောင်း၊ အသင်းကြီးရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း၊ နှစ်(၁၀၀)ပြည့် ပွဲတော်အခမ်းအနားကို ရတနာပုံခန်းမတွင် နိုဝင်ဘာ ၂၇ ရက်နေ့၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် မန္တလေးမြို့ မြို့မအပျော်တမ်းတူရိယာအသင်း ဥက္ကဋ္ဌ ဒေါက်တာ လှခိုင်က မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့်ရာပြည့်အကြိုအဖြစ် အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေခြင်း၊ နိုင်ငံကျော်အနုပညာရှင်များနှင့် မြို့မတူရိယာပင်တိုင်အဆိုရှင်များ ပူးပေါင်း၍ အမှတ်တရတေးသီချင်းများ (အခမဲ့)ထုတ်ဝေဖြန့်ဝေခြင်း၊ မြို့မတေးသီချင်းများ အဆိုပြိုင်ပွဲများ ဆောင်ရွက်နေခြင်း၊ အထိမ်းအမှတ်မဂ္ဂဇင်းနှင့် အမှတ်တရတေးသီချင်းများကို နိုဝင်ဘာလလယ်တွင် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရာပြည့်အခမ်းအနားတွင် ထည့်သွင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ပြောကြားပြီးနောက် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




## မန္တလေးအဝေးသင်တက္ကသိုလ်၌ ပထမအကြိမ်မြောက် Job and Career Fair အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်းအခွင့်အလမ်း အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးအဝေးသင်တက္ကသိုလ်တွင် တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် လုပ်ငန်းရှင်အသင်းများမှ ပူးပေါင်းကာ ပထမအကြိမ်မြောက် Job and Career Fair အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်း အခွင့်အလမ်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးအဝေးသင်တက္ကသိုလ်အတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သန့်စင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Job and Career Fair အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်း အခွင့်အလမ်းတွင် ပူးပေါင်းပါဝင် ပံ့ပိုးပေးသောလုပ်ငန်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

Job and Career Fair အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်းအခွင့်အလမ်းကျင်းပဆောင်ရွက်ခဲ့ရာ ကုမ္ပဏီ ၁၂ ခုပါဝင်ခဲ့ပြီး အဆိုပါလုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိနှစ်သက်ရာ အလုပ်အကိုင်အခွင့်အလမ်းများတွင် လုပ်ကိုင်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ချမ်းမြေ့မောင်-ချမ်း/စံ)**

## (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ကဗျာရွတ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**မကွေး နိုဝင်ဘာ ၁၁**

မကွေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက်၊ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပြပွဲများကို ယနေ့ နံနက် ၉ နာရီခွဲက မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ပြိုင်ပွဲ၊ ပြပွဲများကျင်းပခြင်း၊ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများကို ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များ သိရှိစေရန် ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မကွေးမြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ကန်သာ)ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၂၀)ဦးက စာစီစာကုံးပြိုင်ပွဲ "အမျိုးသားအောင်ပွဲနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးက ကဗျာရွတ်ဆိုပြိုင်ပွဲကို "အမျိုးသားအောင်ပွဲနေ့" ခေါင်းစဉ်ဖြင့် အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပြသရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## မြန်မာ့ ဒူးရင်းသီးများကို ပြည်ပဈေးကွက်ရရှိနိုင်ရေး ဆောင်ရွက်မည်



မြန်မာနိုင်ငံမှ ထွက်ရှိသော ဒူးရင်းသီးများကို ပြည်ပဈေးကွက် ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတင်ပို့ ရောင်းချသူများအသင်းမှ ဆောင်ရွက်လျက်ရှိသည်။

ကနဦးအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးနှင့် တရုတ်ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာတစ်ဘီလီယံတန်ဖိုးခန့် တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့ဒူးရင်းသီးများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ ဒူးရင်း စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုင်ငံအဆင့်ဖွဲ့စည်းထားကြောင်း သိရသည်။

လာမည့် ၂၀၂၇ ခုနှစ်တွင် ပြည်ပနိုင်ငံများသို့ မြန်မာ့ဒူးရင်းသီးများ တင်ပို့ ရောင်းချနိုင်သည်အထိ ဈေးကွက်ဖော်ဆောင်နိုင်မည်ဟု ခန့်မှန်းထားပြီး လက်ရှိတွင် ပြည်တွင်းဈေးကွက်ကိုသာ အဓိက အားထားရောင်းချနေရကြောင်း သိရသည်။ **(ရွှေမန်း)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံမြို့နယ် ရွှေပြည်သာရပ်ကွက်နှင့် မင်းတဲအီကင်းရပ်ကွက်တို့မှ ပြည်သူလူထုနှင့် တွေ့ဆုံ






**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ရွှေပြည်သာရပ်ကွက်နှင့် မင်းတဲအီကင်းရပ်ကွက်တို့ရှိ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများကို ရွှေပြည်သာရပ်ကွက်ရှိ ရွှေပြည်ကြီးဓမ္မာရုံနှင့် မင်းတဲအီကင်းရပ်ကွက်ရှိ ပေါ်တော်မူဓမ္မာရုံတို့တွင် ကျင်းပခဲ့ပြီး တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို ချက်ချင်းဆောင်ရွက် ပေးနိုင်ရန်နှင့် ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနှင့်အတူ သန့်ရှင်းသောပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအား မြှင့်တင်၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသည့် ပြည်သူလူထု၏ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် တက်ရောက်လာကြသည့် ပြည်သူလူထုအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# Entrepreneurship Festival Mandalay 2025
## မန္တလေးမြို့တွင် ကျင်းပပြုလုပ်

**မန္တလေး နိုဝင်ဘာ ၁၁**

She Made Myanmar မြန်မာ့အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ကြီးမှူးကျင်းပသော Entrepreneurship Festival Mandalay အခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်္ဂလာမန္တလေးပရိမိုးရှင်းဇရိယာတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး(မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက) ဒေါ်မမ၊ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်၊ မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအသင်း(မန္တလေး) ဥက္ကဋ္ဌသီရိသု ဓမ္မသိင်္ဂီ ဒေါ်ခင်ဝင်းဆွေ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့် သက်ဆိုင်ရာအဖွဲ့များ၏ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်းများပြုလုပ်ခဲ့ပြီး ဖွင့်လှစ်ထားသော ဆိုင်ခန်းများအား လိုက်လံကြည့်ရှုခဲ့သည်။

အဆိုပါပွဲကို နိုဝင်ဘာ ၁၁-၁၂ ရက်နှစ်ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းထုတ်လုပ်သော အစားအသောက်၊ အဝတ်အထည်၊ အခြားပစ္စည်းများပါဝင်သော ဆိုင်ခန်း ၈၀ ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲရက်အတွင်း ဟောပြောပွဲများအဖြစ် ဆရာဦးအောင်မင်းသိန်း၊ ပါမောက္ခဒေါက်တာ မြင့်မြင့်ကြည်၊ ရီရှင်းကုမ္ပဏီ ဒါရိုက်တာ ဒေါ်ရွှေလှ၊ အောင်သမာဓိရွှေဆိုင်မှ ဒေါ်မီမီအောင်တို့က ပထမနေ့တွင် ဟောပြောသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာကောင်းလွန်းနှင့် အခြားသော ပညာရှင်များက ဟောပြောမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




(မန္တလေးနေ့စဉ်-ဧ)

၀-၀-၀-၀-၀

# ချမ်းမြသာစည်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မီးသတ်ဦးစီးဌာန သင်တန်းခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၅)ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။




အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ခန့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဗိုလ်မှူး ထွန်းဇံဖြူတို့က သင်တန်းသားများသို့ သင်တန်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါ သင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့(ချမ်း/စည်)

**သစ်တောသစ်ပင်**

**ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို**

**နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။**

# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

ကျောင်းသားလူငယ်များ ဗဟုသုတကြွယ်ဝစေရန်... ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စာရေး ဆရာအသင်းအတွင်းရေးမှူး ဦးစိုင်းအောင်မိန်းက ကျောင်းသား လူငယ်များအား ဗဟုသုတအကြောင်းအရာများစွာကို ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက "ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ် "ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ အခမ်းအနားအပြီးတွင် ကျောင်းသား၊ကျောင်းသူများ ဗဟုသုတ များစွာရရှိစေရန် သုတ၊ ရသစာအုပ်၊ စာစောင်များ ခင်းကျင်းပြသခြင်း၊ နံရံကပ်ဆိုင်းဘုတ်ပြသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

# အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးသန့်ဇော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




ရှိသေလေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား။

"ကျန်းမာ ရွှင်လန်း ချမ်းမြေ့ကြပါစေ" လို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ...

ကျွန်တော်ကတော့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ NIDP (ဗဟို) ၏ ဥက္ကဋ္ဌ ဦးသန့်ဇော် ဖြစ်ပါတယ်။ (မွန်ပြည်နယ်)မှာ အခြေပြုထားတဲ့ ပါတီတစ်ခု ဖြစ်ပါတယ်။

မကြာခင်မှာ (တတိယအကြိမ်)လွှတ်တော်အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆုံးဖြတ်ချက်မှန်ကန်မှုဟာ ဘယ်လောက်အရေးပါလဲ... ရွေးကောက်ပွဲဟာ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အနာဂတ်ကို ဘယ်လောက်ထိထင်ဟပ်စေလဲ...ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရတော့မှာ ဖြစ်ပါတယ်....

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားအကျိုးစီးပွားပေါ်မှာသာ ရပ်တည်နေခဲ့ကြပါတယ်....

- ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာရဲ့ ဖိအားတွေကို ကြီးကြီးမားမား ခံနေရပါတယ်။
- နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးတွေကိုလည်း အဘက်ဘက်က စိုးရိမ်ပူပန်နေကြရတဲ့ အချိန်ကာလလည်း ဖြစ်နေပါတယ်။
- ငွေကြေးဖောင်းပွမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်တွေကိုလည်း ပြည်သူတွေ ခံစားနေကြရပါတယ်။
- ပြည်ပနိုင်ငံများရဲ့ စွက်ဖက်မှုကြောင့် တိုင်းပြည်ရဲ့.. အချုပ်အခြာအာဏာကို ထိပါးတဲ့ဖြစ်ရပ်တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ပြည်ပက သွေးထိုးနှောင့်ယှက်မှုများကြောင့် နိုင်ငံတော်ရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးနဲ့ အမျိုးသားရေးအင်အားစုများ ပေါင်းစည်းပါဝင်မှုသာ တည်တံ့ခိုင်မာမှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်..

ဒါ့ကြောင့် ကျွန်တော်တို့ ပါတီသည်လည်း မိဘပြည်သူများနဲ့အတူ နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်နိုင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်....

ရှိသေလေးစားအပ်သော မိဘပြည်သူများခင်ဗျာ-----ပါတီရဲ့ အခြေခံရပ်တည်ချက်နှင့် မူဝါဒကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အခြေခံရပ်တည်ချက်ဟာ တိုင်းရင်းသားအားလုံးနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား၊ တိုင်းပြည်ရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသား ရပ်တည်သွားမှာ ဖြစ်ပါတယ်။

မူဝါဒအားဖြင့် - အခြေခံရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါမယ်။

(၁) တိုင်းရင်းသားများအကြား တန်းတူအခွင့်အရေးရရှိရေး၊ (၂) နိုင်ငံရေး၊ လူမှုရေးပဋိပက္ခများ ချုပ်ငြိမ်းစေရေးတို့ကိုဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သော နိုင်ငံရေးဝန်းကျင်သစ် ပညာရေးအခြေခံသစ်တွေဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားအပေါ်မှာ အခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန်နဲ့ အစွန်းမရောက်စေဘဲ ပြုစုပျိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ ပါတီမူဝါဒတွေထဲက အရေးကြီးဆုံးအပိုင်းတွေကို တင်ပြချင်ပါတယ်။

**တိုင်းရင်းသားများကဏ္ဍ**

အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်။ လူမျိုးစုံ ဒေသစုံများပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့ တစ်ခုတည်းသောနိုင်ငံ၊ တူညီသော ရည်မှန်းချက်၊ ညီမျှသောဖွံ့ဖြိုးတိုးတက်မှု၊ အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှုရှိပြီး သံသယတွေ ပျောက်ကင်းတဲ့ ငြိမ်းချမ်းတဲ့ အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်...ဒါမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးတမ်းများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားပါမည်။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ**

ကျွန်တော်တို့အနေနဲ့ ပြည်သူ့ကျန်းမာရေးကို အခြေခံအခွင့်အရေးအဖြစ် သတ်မှတ်ထားပါတယ်။

- ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးကို တန်းတူခံစားခွင့်ရရှိစေပါမယ်။
- ကျေးလက်ဒေသနှင့် ခက်ခဲဒေသတွေမှာ ဆေးရုံ၊ ဆေးခန်းတွေကို တိုးချဲ့တည်ဆောက်ပေးမယ်။
- ပြည်သူတွေအတွက် ပြည်သူ့ဆေးရုံကြီးတွေနဲ့ ကျေးလက်ဆေးပေးခန်းများအား အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းသွားပါမယ်။
- ဆေးဝါးနဲ့ ဆရာဝန်များ လုံလောက်အောင် စနစ်ကျကျဖြန့်ဝေပေးပါမယ်။
- လူတိုင်းကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်သက်သာ၍ အာမခံချက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးသွားပါမယ်။

"ပညာရေးကဏ္ဍ" ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

- နိုင်ငံသားတိုင်းဟာ တန်းတူညီမျှ ပညာသင်ကြားခွင့်ရရှိစေမှာဖြစ်ပြီး ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တွင် အခမဲ့သင်ကြားခွင့်ရရှိအောင် ပံ့ပိုးဆောင်ရွက်သွားပါမယ်။
- ကျေးလက်ဒေသနေ ကျောင်းသားကျောင်းသူများအတွက် အခြေခံကျောင်းသုံးပစ္စည်းများ အခက်အခဲမရှိအောင် တိုက်ရိုက်ထောက်ပံ့ပေးမယ်။
- နည်းပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို တိုးချဲ့ပေးပြီး လူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းအတွက် လုပ်ငန်းခွင်နဲ့ တိုက်ရိုက် ချိတ်ဆက်ပေးနိုင်တဲ့ လက်တွေ့ပညာရပ်တွေကို ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

**ဥပဒေပြုရေးနဲ့တရားစီရင်ရေးကဏ္ဍ**

ဒီကနေ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာ မတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ဥပဒေတွေ အများကြီးလိုနေပါသေးတယ်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ်မျှတတဲ့ဥပဒေတွေ ပြဋ္ဌာန်းဖို့ လိုအပ်ပါသေးတယ်။ ပြည်သူအခြေပြုတဲ့ ဥပဒေ၊ အမျိုးသား အကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ဥပဒေ ဖြစ်ရပါမယ်။ ကျွန်တော်တို့အားလုံး ဥပဒေရဲ့အောက်မှာ ဥပဒေရဲ့ တူညီတဲ့ ကာကွယ်စောင့်ရှောက်မှုကိုရရှိဖို့ ဆောင်ရွက်ပေးသွားပါမယ်။ လုပ်ပိုင်ခွင့်အာဏာကို အလွန်အကျွံသုံးစွဲတဲ့ လုပ်ရပ်တွေကို အဆုံးတိုင်ပယ်ရှားသွားပါမယ်။

**အုပ်ချုပ်ရေးကဏ္ဍ**

အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင်လည်း စာတွေ့နဲ့လက်တွေ့ အရည်အချင်း နှစ်ပါးနဲ့ ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့ စီမံခန့်ခွဲရေးပညာကျွမ်းကျင်တဲ့ သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကျစ်လျစ်ခိုင်မာတဲ့ အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့ လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာစီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့ လိုပါတယ်။ ဆုံးဖြတ်ရဲသူတွေ၊ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန် ချမှတ်နိုင်သူတွေ၊ တာဝန်ယူမှု တာဝန်ခံမှုရှိသူတွေနဲ့ ဖွဲ့စည်းထားဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်းမြင့်မားသူတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။

**စီးပွားရေးကဏ္ဍ**

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံစီးပွားရေးတိုးတက်မှုဆိုရာ၌ လူတန်းစားသုံးရပ်စလုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့်(ရာခိုင်နှုန်း ၇၀) ကျော်ရှိနေသေးတဲ့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။ အခြေခံလူတန်းစားတွေရဲ့မိသားစု သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်လမ်းများရရှိစေရေး၊ ဈေးကွက်နဲ့ နည်းပညာတိုးတက်ရေး၊ စက်မှုစီးပွားလုပ်ငန်းတွေ တိုးတက်ရေးအတွက် ခေတ်စနစ်နဲ့ ကိုက်ညီတဲ့မူဝါဒကိုရေးဆွဲပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက် စီးပွားရေးစနစ်ကို ဖော်ဆောင်အားပေးသကဲ့သို့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အရင်းရှင်စီးပွားရေး လက်ဝါးကြီးအုပ်မှုတွေကိုလည်း ဆန့်ကျင်တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။

**တောင်သူလယ်သမားများ ကဏ္ဍ**

ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးသည် အခြေခံကျတဲ့ ကဏ္ဍမှာပါဝင်နေပါတယ်။ နိုင်ငံလူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းကျော်တဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီနေ့ လယ်သမားများအနေနဲ့ အကြွေးနွံတောမှာ နစ်နေတာကို စစ်တမ်းများအရ တွေ့ရပါတယ်။ ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာရရှိမှု၊ စိုက်ပျိုးစရိတ် အချိန်မီရရှိမှု၊ မှန်ကန်တဲ့ ဈေးကွက်ရရှိမှု၊ စိုက်ပျိုးပင်မှန်ကန်မှုတွေသည် တောင်သူလယ်သမားတွေရဲ့ အရေးကြီးသော အရာတွေဖြစ်ပါတယ်။ ဒါကြောင့်-

- တောင်သူလယ်သမားတွေ အဓိကလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာပံ့ပိုးမှု၊ စိုက်ပျိုးနည်းပညာ အချိန်မီရရှိရေးနှင့် စိုက်ပျိုးသီးနှံများကို ဈေးကွက်ဝင်ရောက်ခွင့်ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသွားပါမယ်။

ဒါ့ပြင် တောင်သူလယ်သမားတွေကို ကျေးဇူးဆပ်သောအားဖြင့် တောင်သူလယ်သမားနိုးနှောဖလှယ်ပွဲများနှင့် တောင်သူလယ်သမားနေ့အခမ်းအနားကို ခမ်းနားစည်ကားစွာဖြင့် ကျင်းပဂုဏ်ပြုသွားမှာ ဖြစ်ပါတယ်။

**အလုပ်သမားကဏ္ဍ**

- အလုပ်သမားအင်အားစုများသည် နိုင်ငံတိုးတက်ရေး၊ တည်ဆောက်ရေးအတွက် အခြေခံခိုင်အောင် ဆောင်ရွက်ပေးနေတဲ့ အင်အားစုများ ဖြစ်ပါတယ်။
- အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။
- လုပ်ခလစာညီမျှမှု၊ အလုပ်ချိန်၊ အနားယူခွင့်တွေ နိုင်ငံတကာစံနှုန်းများနှင့် အညီရရှိစေရေး အလုပ်သမားဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမယ်။
- နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများကိုလည်း မိခင်နိုင်ငံရဲ့ ဥပဒေအကာအကွယ်စောင့်ရှောက်မှုတွေရရှိအောင် ဆောင်ရွက်ပေးပါမယ်။
- အလုပ်သမားမိသားစုတွေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းတွေကိုလည်း တိုးချဲ့ဖန်တီးပေးသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံတကာဆက်ဆံရေး**




"နိုင်ငံတကာ ဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက် ကျင့်သုံးခဲ့တဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး (မူကြီးငါးချက်)အရ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာ နေထိုင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားပါမယ်။

**လူငယ်မျိုးဆက်သစ်ကဏ္ဍ**

နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့ အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို ထပ်မံမွေးထုတ်ပေးနိုင်ဖို့ အထူးလိုအပ်ပါတယ်။ အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် အမျိုးသားလုံခြုံရေးအသိရှိကြဖို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ခိုင်မာတိကျတဲ့ လူငယ်ရေးရာ မူဝါဒများ ရေးဆွဲပြီး ရေရှည်လေ့ကျင့်ပျိုးထောင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ရှိသေလေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ ပါတီမှ ----- မိဘပြည်သူများအပေါ် ကတိကဝတ် အာမခံပြုလိုပါသည်။

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေဖြင့် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ခံရသည့် မိမိတို့ပါတီမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များမှ အောက်ပါလုပ်ငန်းစဉ်များကို အာမခံကတိကဝတ်ပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) ပြည်သူလူထုအပေါ် အကာကွယ်ပေးမည့်ဥပဒေများ ပေါ်ပေါက်ရေးအတွက် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းမှ တတ်စွမ်းသမျှ ဥပဒေပြုတင်ပြဆောင်ရွက်သွားမည်။

(၂) ဒီမိုကရေစီဈေးကွက်စီးပွားရေးစနစ်နှင့် ဆန့်ကျင်သည့် မတရားသဖြင့် အနိုင်ကျင့် လက်ဝါးကြီးအုပ်ယှဉ်ပြိုင်မှုများနှင့် ပြည်သူလူထုအပေါ် မတရားအမြတ်ကြီးစား သွေးစုပ်နေသည့် အရင်းရှင်စီးပွားရေးလုပ်ဆောင်မှုများကို တွန်းလှန်တိုက်ဖျက်သွားမည်။

(၃) တစ်ပိုင်တစ်နိုင် ရာသီသီးနှံများ စိုက်ပျိုးရောင်းချမှုအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရေးနှင့် အခွန်လွတ်ဈေးများပေါ်ပေါက်ရေး ဖော်ဆောင်ပေးသွားမည်။

(၄) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်။

(၅) မှန်ကန်သည့် တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရေးအပြင် မည်သူမဆို (တရားလို၊ တရားခံ၊ တရားပြိုင်) လူ့ဂုဏ်သိက္ခာရှိစွာဖြင့် ညီညွတ်မျှတစွာ တရားစီရင်မှုခံရစေရေး ဆောင်ရွက်သွားမည်။

(၆) ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးနှင့် ဖိနှိပ်မှုကိုဖြစ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာယန္တရား ကြိုးနီစနစ်ဆိုးမှန်သမျှကို တိုက်ဖျက်သွားမည်။

(၇) နိုင်ငံတော်ဘဏ္ဍာငွေ(ဘတ်ဂျက်)များ အလေအလွင့်မရှိစေရေးနှင့် စီမံကိန်းများ၏ အရည်အသွေးတိကျမှန်ကန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၈) အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်။

(၉) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ၊ နိုင်ငံပိုင်သယံဇာတများကို အလွန်အကျွံ တူးဖော်ထုတ်လုပ်မှုများကို ကာကွယ်တားဆီးသွားမည်။

(၁၀) ပြည်သူများ မိမိတို့နေထိုင်သည့် အိမ်၊ ခြံ၊ မြေများကို မိမိတို့ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရေးနှင့် မြေသိမ်းဆည်းခံရခြင်းများ ဖြစ်ပေါ်လာပါက နစ်နာမှုအခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရရှိစေရေးအတွက် ဥပဒေပြုကာကွယ်ပေးသွားမည်။

(၁၁) ငွေကြေးနေအင်အား၊ လူအင်အားဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများ၊ မလျော်ဩဇာသုံးအနိုင်ကျင့်မှုများ ပပျောက်အောင် ဆောင်ရွက်ပေးမည်။

**ရှိသေလေးစားအပ်ပါသောမိဘပြည်သူများ ခင်ဗျား**

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီသည် အာဏာအတွက် မဟုတ်ပါ။ ပြည်သူလူထုအကျိုးကို ဆောင်ရွက်လိုသောဆန္ဒတစ်ခုတည်းဖြင့် လွှတ်တော်နိုင်ငံရေးကို ကြိုးစားနေကြခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လက်တွေ့အကောင်အထည်ဖော်ကြိုးပမ်းလုပ်ဆောင်သွားပါမယ်လို့ ဒီနေရာက အခိုင်အမာကတိပြုပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တင်ပြလိုတာကတော့ ---

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဟာ ပြည်သူအကျိုးကို အစွမ်းကုန်အကာအကွယ်ပေးမယ်၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေးပါမယ်၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေအတွက် လုံခြုံစိတ်ချရတဲ့ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလုပ်ဆောင်သွားပါမယ်။

ထို့အတူ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်အများစုကို မျိုးချစ်စိတ်ရှိသူ၊ အများအကျိုးဆောင်ရွက်လိုသူ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ဖူးသူ၊ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးအပိုင်းတွင် ဘွဲ့ရ ဘွဲ့လွန်ပညာတတ်များကို စိစစ်ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်းနဲ့ လုပ်ရပ်များကို လေ့လာသုံးသပ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်မြို့ရွာများ၏ အကျိုးစီးပွားနှင့် စစ်မှန်သော အပြောင်းအလဲအတွက် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီကို ရွေးချယ်မဲပေးကြပါ၊ မိဘပြည်သူများနှင့်အတူ တိုးတက်မှုအသစ်တွေကို ဖန်တီးတည်ဆောက်ချင်ပါတယ်။ အခွင့်အရေးပေးကြပါ။ စစ်မှန်သော အပြောင်းအလဲအတွက် မိဘပြည်သူများရဲ့ ရင်ထဲက ဆန္ဒမဲကို အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အမှတ်သားဖြစ်တဲ့ " ကဒေါင်းစိမ်း" ကို မဲပေးရွေးချယ်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ....

## ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် မန္တလေးမြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီခွဲက အဆိုပါဗိမာန် နားနေဆောင်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလှုက ဗိမာန်တော်ကြီး တည်ဆောက်မည့်မြေနေရာတွင် မြေသန့်စင်မင်္ဂလာပြုလုပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပြီး ပြန်လည်တည်ဆောက်ရေးကော်မတီဝင် ဦးဇော်မင်းထွန်းက အလုပ်သမား ကန်ထရိုက်စနစ် တည်ဆောက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းတွင် ကြီးကြပ်အဖွဲ့ ဖွဲ့စည်းရေး၊ စစ်ဆေးရေးအပိုင်းတွင် စစ်ဆေးရေး၊ ဖွဲ့စည်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ကြသည်။



ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဘိလပ်မြေ၊ သံချောင်းများကို ကုမ္ပဏီမှ တိုက်ရိုက်ဝယ်ယူရေး ရှင်းလင်းတင်ပြခဲ့ပြီး ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဗိမာန်တော်ကြီး တည်ဆောက်မည့် မြေနေရာတွင် မြေသန့်စင်မင်္ဂလာတော်ကို နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြင့်တင်ရေးပွဲတော် ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်၊စာပေများနှင့် ချစ်ခင်ရင်းနှီးကျွမ်းဝင်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားစေရန် ရည်ရွယ်၍ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (အ·လ·က-၁)တွင်ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အ·ထ·က(မိုင်းဆတ်)၊ အ·ထ·က(ခွဲ) (အ·လ·က-၁)နှင့် အ·ထ·က(ခွဲ) (အ·လ·က-၂)ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အ·ထ·က(ခွဲ) (အ·လ·က-၁) ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သရုပ်ဖော်ကပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားကာ မြို့ပေါ်ရှိကျောင်း (၇)ကျောင်း၏ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပကာ အ·ထ·က(ခွဲ) (အ·လ·က-၂)ကျောင်းသား၊ ကျောင်းသူများက "ရွှေလက်ကမ်း၍ ကြိုနေမယ်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူငယ်စကားဝိုင်း ကျင်းပသည်။ ယင်းနောက် တာဝန်ရှိသူများက ကျပန်းစကားပြော၊ စာစီစာကုံးနှင့်လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အ·ထ·က(မိုင်းဆတ်)ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" တေးသီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပွဲတော်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်း(၈)ခန်းနှင့် စာအုပ်၊စာစောင်များ ခင်းကျင်းပြသထားရှိမှု၊ စတုဒိသာ ကျွေးမွေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ မွန်းလွဲပိုင်းတွင် မြို့ပေါ်ရှိကျောင်းခြောက်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြင်ပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

## ပုသိမ်ကြီးမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာနိုင်ရေး တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ပုသိမ်ကြီး နိုဝင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာနိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ခင်စောယုသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြို့နယ်အတွင်းရှိ အသက် (၁၈)နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဇ၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ဆင်ပေါင်ဝဲမြို့၌ အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၃/၂၀၂၅) ဖွင့်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၃/၂၀၂၅)ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အရန်မီးသတ်တူညီဝတ်စုံများကို ပေးအပ်ခဲ့ရာ သင်တန်းသားများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။ **(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအသီးသီးမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီမှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးကြသည်။

ရှေးဦးစွာ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ သတ်မှတ်နေရာများတွင် ဝန်ထမ်းများအား နေရာချထားပေးပြီး စာရင်းရေးသွင်းခြင်းဆောင်ရွက်ပြီး ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီတာဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဂျာမနီနိုင်ငံထုတ် (Pfizer) ကိုဗစ်-၁၉ ကာကွယ်ဆေးကို တစ်ဦးချင်းထိုးနှံပေးပြီး ကျန်းမာရေးအသိပညာများ



မျှဝေဆောင်ရွက်ပေးရာ စီမံရေးရာဌာန ဌာနမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)



## မြို့နယ်ပညာရေးမှူးရုံးက ကြီးမှူး၍ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးပြုလုပ်သော ၂၀၂၅ ခုနှစ် (၁၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်၊ ၂၄လမ်း၊ ၈၁ လမ်းရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ရာဇာ ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကန်တော့ခံ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော မြို့နယ်ပညာရေးမှူးများ၊ ဒုတိယမြို့နယ်ပညာရေးမှူးများနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၂ ဦးအား တက်ရောက်လာသူများက ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဂါရဝပြုပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဆရာကြီး၊ ဆရာမကြီးသုံးဦးက ဆုပေးစကားနှင့် ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားပြီးနောက် ဆရာကြီး၊ ဆရာမကြီးများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၉၃)

## အငြိမ်းစားဝန်ထမ်းများအချင်းချင်း ကူညီစောင့်ရှောက်ရေးအသင်း မျက်နှာစုံညီ အစည်းအဝေးကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးပုသိမ်ကြီးမြို့နယ်၊ အငြိမ်းစားဝန်ထမ်းများအချင်းချင်း ကူညီစောင့်ရှောက်ရေးအသင်း၏ မျက်နှာစုံညီ အစည်းအဝေးကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ရန်ကင်းသာယာရပ်ကွက်၊ ချမ်းမြေ့သာယာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစီအစဉ်အရ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အသင်းကြီး၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အသင်းနာယက ဦးလှသော်က အသင်းကြီး၏ သမိုင်းကြောင်းကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမှုဆောင်အစီရင်ခံစာကို ဦးကျော်လှဌေးက လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းကို ဦးကိုရီကလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူ အသင်းဝင်များ၏ အကြံပြုချက်များကို သဘာပတိ ဥက္ကဋ္ဌက ပြန်လည်ပြောကြားပြီး အငြိမ်းစားဝန်ထမ်းအချင်းချင်း ကူညီစောင့်ရှောက်ရေးအသင်းကို ဖျက်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် အမှုဆောင်ကော်မတီအသစ်အား ရွေးချယ်ကြရာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ ၁၉ ဦး၊ နာယကခြောက်ဦး၊ စုစုပေါင်း ၂၅ ဦးဖြင့် အတည်ပြုကြသည်။ ယင်းနောက် အမှုဆောင်အသစ်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (အောက်ပုံ)

အဆိုပါအသင်းကြီးသည် ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၂၁ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယနေ့အထိ အသင်းဝင် ၂၈၀ ဦးရှိပြီး ပုသိမ်ကြီးမြို့နယ်အတွင်း နေထိုင်သူ အငြိမ်းစားဝန်ထမ်းများဖြင့် တည်ထောင်ထားသော အသင်းဖြစ်ကြောင်း သိရသည်။

(၀၉၁)





## (၁၈)နှစ်နှင့်အထက် မဲပေးနိုင်သည့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အခြေခံမဲဆန္ဒရှင်စာရင်းအမည်များကို အောက်တိုဘာ ၃၀ ရက်က ပထမအကြိမ် ကပ်ထားကြေညာပေးခဲ့ပြီး ယခုဒုတိယအကြိမ်၌ မဲစာရင်းပြည့်စုံမှန်ကန်နိုင်စေရေးအတွက် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အမရပူရမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရာတွင် အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရွေးကောက်ပွဲအရာရှိ ဒေါ်နန်းအေးအေးစိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရခရိုင်ဦးစီးမှူး ဦးမျိုးခိုင်၊ အမရပူရမြို့နယ် ဦးစီးမှူး ဦးတင်ကိုကိုဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(အောက်ဝဲပုံ) (၀၈၄)



ကြီးမြင့်သစ်ပင် စိုက်ပျိုးလျှင်

စွမ်းအင်လည်းရ ပြည်လည်းလှ။



## အစားအသောက်များတွင် ဖော်မလင်များ ထည့်သွင်းထားသည်ကို စစ်ဆေးတွေ့ရှိပါက အရေးယူမည်

**မန္တလေး နိုဝင်ဘာ ၁၁**

စားသောက်ကုန်ထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်ကုန်များတွင် ဖော်မလင်များ ထည့်သွင်းသုံးစွဲ၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများ မပြုကြရန် အသိပေးထားပြီး လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) က ကြေညာထားသည်။

စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်(FDA)အနေဖြင့် စစ်ဆေးမှုများဆောင်ရွက်လျက်ရှိပြီး ဖော်မလင်အသုံးပြုထားသည်ကို တွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)ဖြင့် အရေးယူမည် ဖြစ်သည်။

"စားသုံးသူဈေးကွက်မှာ ရောင်းချနေတဲ့ ပဲပြားတွေ၊ ပဲသွေးတွေနဲ့ မုန့်ဖတ်တွေ စတဲ့ စားသောက်ကုန်တွေကို တာရှည်ခံအောင် ဖော်မလင် ထည့်ကြတာ တွေ့ရှိတယ်။ အဲ့ဒီဖော်မလင်က ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ တားမြစ်ဓာတုဆေးဝါးထဲမှာ ထည့်သွင်းထားပါတယ်။ဒါကြောင့် စားသောက်ကုန်တွေ ထုတ်လုပ်ရာမှာ အသုံးမပြုရပါဘူး"ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဖော်မလင်ဓာတုဆေးပါဝင်သော စားသောက်ကုန်များကို စားသုံးမိပါက ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ အသက်ရှူကြပ်ခြင်း စသည်တို့ ခံစားရနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## ရပ်ရှင်ဝန်ထမ်းဟောင်းများလူမှုကူညီရေးအသင်း(မန္တလေး) ဆဋ္ဌမအကြိမ် သက်ကြီးကန်တော့ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၁**

ရုပ်ရှင်ဝန်ထမ်းဟောင်းများ လူမှုကူညီရေးအသင်း(မန္တလေး)၏အသင်းဝင်များ စုံညီအစည်းအဝေးနှင့် သက်ကြီးကန်တော့ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀နာရီက မန္တလေးမြို့ မျိုးမြင့်ရုပ်ရှင်ရုံဟောင်းဝင်းအတွင်းရှိ တိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲသို့ ကန်တော့ခံဝန်ထမ်းဟောင်းများနှင့်အသင်းဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဝင်များ စုံညီအစည်းအဝေးကို ကျင်းပပြီး အသင်းအမှုဆောင်အသစ် ပြန်လည်ရွေးချယ်ကာ အသင်း၏ငွေစာရင်းရှင်းတမ်းကို အသင်းဝင်တစ်ဦးက ဖတ်ကြားတင်ပြသည်။

ထို့နောက် အသက်(၈၀) နှစ်နှင့်အထက် ဝန်ထမ်းဟောင်း ၁၃ ဦးအား ကန်တော့ငွေများနှင့် အတူ ကန်တော့ကြပြီး နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၃၂)



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်မိန့်ခွန်းကို တည်းဖြတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ဘီဘီစီအကြီးအကဲနှစ်ဦး ရာထူးမှ နုတ်ထွက်

လန်ဒန် နိုဝင်ဘာ ၁၁

မှတ်တမ်းရုပ်သံတစ်ခုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မိန့်ခွန်းတစ်ခုကို ကြည့်ရှုသူများ အထင်လွဲအောင် တည်းဖြတ်ခဲ့သည့်အတွက် ဗြိတိန်၏ အများပြည်သူဆိုင်ရာ ရုပ်သံလွှင့်ဌာန ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ် တင်ဒေးဗီနှင့် သတင်းဌာန စီအီးအိုဒယ်ဘရာတားနက်စ်တို့ ရာထူးမှနုတ်ထွက်ခဲ့ကြောင်း အဆိုပါရုပ်သံက ကြေညာခဲ့သည်။

ဘီဘီစီဥက္ကဋ္ဌ ဆမီယာရှားက အဆိုပါကိစ္စနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၁၀ ရက်က တောင်းပန်ခဲ့သည်။ ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ်သည် အယ်ဒီတာချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဘီဘီစီသည် အဆိုပါမှတ်တမ်းရုပ်ရှင်ကို ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်ခင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်တွင် မစ္စတာထရမ့် ပြောကြားခဲ့သည့် မိန့်ခွန်းထဲမှ အပိုင်းနှစ်ပိုင်းကို တစ်ဆက်တည်းဖြစ်အောင် တည်းဖြတ်ထားပြီး ကြည့်ရှုသူများကို အထင်လွဲမှားစေခဲ့သည်ဟု အရိပ်အမြွက်ဖော်ပြထားသည့် ဆောင်းပါးကို ဗြိတိန်သတင်းစာ တယ်လီဂရပ်ဖ်က ယခုလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါမှတ်တမ်းရုပ်သံသည် ကပ်ပီတိုဟေးလ်တွင် ဖြစ်ခဲ့သည့် အဓိကရုဏ်းကို မစ္စတာထရမ့်က အားပေးလှုံ့ဆော်ခဲ့ပုံပေါက်စေခဲ့သည်ဟု တယ်လီဂရပ်ဖ်တွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်က ဝါရှင်တန်၌ ပြောကြားခဲ့သော မိန့်ခွန်းတွင် ထရမ့်က "ကျွန်တော်တို့ ကပ်ပီတိုးလ်ကို ချီတက်သွားကြမယ်။ ကျွန်တော်တို့ရဲ့ သတ္တိရှိတဲ့ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်က အမျိုးသမီး၊ အမျိုးသား အမတ်တွေကို အားပေးကြမယ်" ဟုဖော်ပြခဲ့သည့်အပေါ် ဘီဘီစီ၏ မှတ်တမ်းရုပ်ရှင်တွင် "ကျွန်တော်တို့ ကပ်ပီတိုးလ်တို့ကို ချီတက်ကြမယ်။ အဲဒီမှာ ခင်ဗျားတို့နဲ့အတူ ကျွန်တော်ရှိမယ်။ ပြီးရင်တိုက်ပွဲဝင်ကြမယ်။ အစွမ်းကုန်တိုက်ပွဲဝင်ကြမယ်" ဟုဆိုသည့် အဓိပ္ပာယ်မျိုးဖြစ်အောင် တည်းဖြတ်ထားသည်ဟု တယ်လီဂရပ်ဖ်တွင် ဖော်ပြထားသည်။




တယ်လီဂရပ်ဖ်တွင် ဖော်ပြခဲ့သည့် အဆိုပါ ဆောင်းပါးကြောင့် ဗြိတိန်တွင် ဘီဘီစီကို ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။ ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ် တင်ဒေးဗီက အမှားအယွင်း အချို့ရှိခဲ့သည့်အတွက် မိမိတာဝန်ယူရမည်ဟု ပြောကြားခဲ့သည်။

မစ္စတာထရမ့်က ဘီဘီစီ၏ထိပ်တန်းအကြီးအကဲနှစ်ဦးကို သမ္မတရွေးကောက်ပွဲ၏ တရားမျှတမှုကို ယိမ်းယိုင်စေရန် ကြိုးပမ်းခဲ့သည့် မရိုးသားသူတွေအဖြစ် ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့သည်။

ဆင်ဟွာ၊

အင်န်အိတ်ချ်ကေ

## ဩစတြေးလျ၌ တွေ့ရသည့် ဦးချိုပါသော ပျားမျိုးစိတ်သစ်ကို မက်ဂါခိုင်းလ် လူစီဖာဟု သုတေသီများက အမည်ပေးထား

ကင်ဘာရာ နိုဝင်ဘာ ၁၁

ဩစတြေးလျ သိပ္ပံပညာရှင်များသည် ဦးချိုငယ်များ ပါဝင်သည့် ဒေသရင်း ပျားမျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ရာ ၄င်းကို ကိုက်ညီသော နတ်ဆိုးအမည်ကို ပေးခဲ့ကြောင်း သိရသည်။



သုတေသီများသည် အနောက်ဩစတြေးလျရှိ ဂိုးဖီးလ်ဒေသ၊ ပါ့သ်မြို့မှ အရှေ့ဘက် ကီလိုမီတာ ၄၇၀(၂၉၂ မိုင်)အကွာတွင်ရှိသော ဘရီမာရိန်းချ်စ် တောထဲတွင်သာ ပေါက်ရောက်သည့် ရှားပါးတောပန်းတစ်မျိုးကို စောင့်ကြည့်လေ့လာနေစဉ် မက်ဂါခိုင်းလ်လူစီဖာဟု အမည်ပေးထားသည့် အဆိုပါပျားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အလွန်ထူးခြားပြီး သိသာထင်ရှားသော ဦးချိုများသည် ပျားအမများတွင်သာ ပါဝင်ကာ ၄င်းတို့အား ကာကွယ်ရေးယန္တရားအဖြစ်၊ ဝတ်မှုန်သို့မဟုတ် ပန်းဝတ်ရည် စုဆောင်းရန်အတွက်၊ သို့မဟုတ် အသိုက်များအတွက် စေးကပ်သို့သော ပစ္စည်းများ စုဆောင်းရန်အတွက် အသုံးပြုနိုင်ဖွယ်ရှိသည်။

အဆိုပါ လေ့လာမှု၏ ဦးဆောင် သိပ္ပံပညာရှင်က ထိုအချိန်က လူစီဖာအမည်ရှိ နက်ဖလစ်ဇ် ရုပ်သံစီးရီးကို ကြည့်ရှုနေစဉ် အဆိုပါ အမည်ကိုပေးရန် စိတ်ကူးရရှိခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၄င်းအပြင် ဤပျားအုပ်စုတွင် နှစ် ၂၀ အတွင်း ပထမဆုံးအကြိမ် တွေ့ရှိရသည့် မျိုးစိတ်သစ်ဖြစ်သည်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

"ပျားအမရဲ့ မျက်နှာမှာ မယုံနိုင်စရာ ကောင်းလောက်တဲ့ ဦးချိုငယ်လေးတွေ ပါနေပါတယ်" ဟု ကာတင်တက္ကသိုလ်မှ ဒေါက်တာ ကစ်တ်ပရန်ဒါဂတ်စ်က ရှင်းလင်း ပြောကြားသည်။

"မျိုးစိတ်အသစ်ကို ဖော်ပြချက် ရေးသားနေတုန်းက နက်ဖလစ်ဇ်ရုပ်သံစီးရီး လူစီဖာကို ကြည့်နေတာမို့ ဒီအမည်က လိုက်ဖက်ညီနေခဲ့ပါတယ်။ ကျွန်မက နက်ဖလစ်ဇ် ဇာတ်ကောင် လူစီဖာကိုလည်း အရမ်းသဘောကျတာကြောင့် ဒီအမည်ကိုပဲ ရွေးချယ်ခဲ့တာပါ" ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

လက်တင်ဘာသာစကားအရ အလင်းဆောင်သူဟု အဓိပ္ပာယ်ရသည့် လူစီဖာဟူသော အမည်သည် ဒေသရင်းပျားမျိုးစိတ်များကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းရန် လိုအပ်ကြောင်းနှင့် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသည့် အပင်များကို ဝတ်မှုန်ကူးပုံကို ပိုမိုနားလည်ရန် အလင်းပေးရာ ရောက်သည်ဟူသော အဓိပ္ပာယ်ကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။

ထိုပျားမျိုးစိတ်သစ်ကို ဩစတြေးလျ၊ အနောက်ဩစတြေးလျ ပြည်နယ်တွင်သာ တွေ့ရှိခဲ့ရကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စင်ကာပူမှ ထွက်ခွာမည့် လေယာဉ်လက်မှတ်များတွင် ရေရှည် လေကြောင်းလောင်စာ အခွန်အခ ကောက်ခံမည်



စင်ကာပူ နိုဝင်ဘာ ၁၁

စင်ကာပူမှ ထွက်ခွာမည့် လေယာဉ်ခရီးသည်များသည် ၄င်းတို့၏ခရီးစဉ်နှင့် အတန်းအစားအလိုက် တစ်စောင်လျှင် စင်ကာပူဒေါ်လာ တစ်ဒေါ်လာ(အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၇) မှ ၄၁ ဒသမ ၆၀ ဒေါ်လာအထိရှိသည့် ရေရှည်တည်တံ့သော လေကြောင်းလောင်စာအခွန်အခကို ပေးဆောင်ရတော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုအခွန်အခသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက် သို့မဟုတ် နောက်ပိုင်းတွင် စင်ကာပူမှ ထွက်ခွာမည့် လေယာဉ်များအတွက် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ ရောင်းချသော လက်မှတ်များတွင် အကျုံးဝင်မည်ဖြစ်ကြောင်း စင်ကာပူမြို့ပြ လေကြောင်းအာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဆိုလိုသည်မှာ အောက်တိုဘာ ၁ ရက်နောက်ပိုင်း ထွက်ခွာမည့် လေယာဉ်အတွက် လက်မှတ်ကို ဧပြီ ၁ ရက်မတိုင်မီ ဝယ်ယူပါက အခွန်ကောက်ခံမည် မဟုတ်ပေ။ ထို့အတူ ဧပြီ ၁ ရက်နောက်ပိုင်း ဝယ်ယူသော်လည်း အောက်တိုဘာ ၁ ရက်မတိုင်မီ ထွက်ခွာမည့် လေယာဉ်အတွက်လည်း အခွန်ကောက်ခံမည် မဟုတ်ပေ။

ယင်းအခွန်အခ ကောက်ခံမှုကို စင်ကာပူနိုင်ငံမှ ထွက်ခွာသည့် လေယာဉ်လက်မှတ်များတွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ Mon

## အိန္ဒိယနိုင်ငံ ဒေလီမြို့တော် သမိုင်းဝင် ရဲတိုက်နီအနီးတွင် ကားပုံးပေါက်ကွဲမှုဖြစ်ပွား လူ ရှစ်ဦး သေဆုံး၊ ၂၀ ဦး ဒဏ်ရာရရှိ

ဒေလီ နိုဝင်ဘာ ၁၁

အိန္ဒိယနိုင်ငံ၏ မြို့တော် ဒေလီရှိ သမိုင်းဝင်ရဲတိုက်နီအနီးတွင် နိုဝင်ဘာ ၁၀ ရက်က ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူရှစ်ဦး သေဆုံးပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဤဖြစ်ရပ်သည် လူပေါင်းသန်း ၃၀ ကျော် နေထိုင်သည့် လုံခြုံရေး အထူးတင်းကျပ်ထားသောမြို့တွင် ရှားရှားပါးပါး ပေါက်ကွဲမှု တစ်ခုဖြစ်သည်။



အိန္ဒိယနိုင်ငံတစ်ဝန်းရှိ အဓိက ရထားဘူတာများ၊ ဘဏ္ဍာရေးမြို့တော် မွန်ဘိုင်းနှင့် ဒေလီနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ဥတ္တရာပရာဒေ့ရှ် (Uttar Pradesh) ပြည်နယ်တို့ကို အဆင့်မြင့်သတိပေးချက်များ ထုတ်ပြန်ထားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဖြစ်နိုင်ခြေရှိတဲ့ ရှုထောင့်အားလုံးကို စုံစမ်းစစ်ဆေးနေပြီး လုံခြုံရေးအေဂျင်စီများသည် မကြာမီ နိဂုံးချုပ်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီး အာမစ်ရှားက ထုတ်ဖော်ပြောကြားသည်။

ပြစ်မှုဆိုင်ရာ နည်းပညာနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး အေဂျင်စီများသည် ထင်ရှားကျော်ကြားသည့် ရဲတိုက်နီအနီးရှိ ဖြစ်ပွားရာနေရာတွင် ရောက်ရှိနေကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

အန်ဒီတီဗွီသတင်းဌာန၏ ဖော်ပြချက်အရ အဆိုပါ ကား၏ ယခင်ပိုင်ရှင်ဖြစ်သူ ဆာလ်မန်အမည်ရှိ အမျိုးသားတစ်ဦးကို ပေါက်ကွဲပြီးနောက် ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု ဆိုသော်လည်း အသေးစိတ်ကို ဖော်ပြထားခြင်း မရှိပေ။

"ဖြည်းဖြည်းသွားနေတဲ့ ယာဉ်တစ်စီးက မီးနီမှာ ရပ်တန့်ခဲ့ပါတယ်။ အဲဒီယာဉ်ထဲမှာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲတာကြောင့် အနီးနားက ယာဉ်တွေလည်း ပျက်စီးသွားခဲ့ပါတယ်" ဟု ဒေလီ ရဲကော်မရှင်နာ ဆားတစ်ရှ်ဂိုလ်ချာက သတင်းထောက်များကို ပြောကြားသည်။

ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ည ၇ နာရီမတိုင်မီ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိသားစုဝင်များ ဆုံးရှုံးခဲ့ရသူများအတွက် ဝမ်းနည်းကြောင်း ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် အိန္ဒိယနိုင်ငံ၏မြို့တော် ဒေလီတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon

## လူငယ်ပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းဆောင်ရွက်



**မြို့သစ် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာဗဟုသုတ ရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်၍ လူငယ် ပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြေပြင်သာကျေးရွာအုပ်စု၊ သန်းကုန်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ် ဘောအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမျက်ခြယ်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးဆယ်မောင်က ကျောင်းသား၊ ကျောင်းသူများ စားသုံးရန် မသင့်သည့် အစားအသောက်များနှင့် သတိပြုရမည့်အချက်များကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြသည်။ (ဝဲပုံ)

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများ ကျင်းပ

**ဇမ္ဗူသီရိ နိုဝင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ 'လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။



ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်၊ အမျိုးသားနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင် စာရင်းများ ကပ်ထားကြေညာနိုင်ရေး မြို့နယ်တာဝန်ရှိသူများက ယနေ့ နံနက် ၁၀ နာရီ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

**စင်မင်းမောင်(ခရိုင်-ပြန်/ဆက်)**

## မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ကျောက်ဆည်မူလတန်းကြိုကျောင်းတွင် ရင်သွေးငယ်များ ကျောင်းနေပျော်၍ ပညာတော်စေရန်အတွက် ယမန်နေ့ နံနက် ၉ နာရီက ဉာဏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုများ ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက ကျောက်ဆည် မူလတန်းကြိုကျောင်းမှ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်၊ (ECCD)နည်းလမ်းများဖြစ်သည့် ကစားနည်းဖြင့် သင်ကြားခြင်း၊ တေးဂီတဖြင့် သင်ကြားခြင်း၊ အခြေခံပန်းချီဖြင့် သင်ကြားခြင်း၊ လက်မှုအနုပညာဖြင့် သင်ကြားခြင်းတို့ကို သင်ကြားပေးလျက်ရှိပြီး ရင်သွေးငယ်များ၏ အဓိက အခွင့်အရေး (၄)ရပ်ဖြစ်သည့် အသက်ရှင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို အပြည့်အဝခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ (အငယ်အဆင့်)၊ စုပေါင်းသီချင်းဆိုပြိုင်ပွဲ(အငယ်အဆင့်)၊ ကဗျာရွတ်ဆိုပြိုင်ပွဲ (အကြီးအဆင့်)၊ စုပေါင်းသီချင်းဆိုပြိုင်ပွဲ (အကြီးအဆင့်)၊ ပုံပြင်ပြော (အကြီးအဆင့်)ပြိုင်ပွဲများတွင် ထူးချွန်ခဲ့ကြသည့် ရင်သွေးငယ်များကို ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထက်ထက်မာနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၄၈၅)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စိတ္တာ နုပဿနာ

* လူ သတ္တဝါ
သူ ငါ ယောက်ျား
ဆွေသား မိန်းမ
အတ္တဖယ်ခွာ
စိတ်မှာ စင်ကြယ်စွာ။

* ခြောက်ဖြာအာရုံ
ဖြစ်ပုံသိစိတ်
မပိတ်မခွာ
ထင်ရာခန္ဓာ
ရှုပါ အနုပဿနာ ။ ။

ဦးခေ






## မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**အောင်လံ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ ကားကြီးဝင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မော်တော်ယာဉ်များပေါ်တွင် မီးသတ်ဆေးဘူးထားရှိရန်နှင့် ဂိတ်ဝင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိစေရေး အကြံပြုပြောကြားခဲ့ပြီး၊ အရေးပေါ်မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စနစ်တကျ အသုံးပြုတတ်စေရန် လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



## သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ခရိုင်အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ ခေါင်းဆောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး တင်လှိုင်က လူမှုကွန်ရက်ပေါ်မှာ သတင်းတုများ၊ နိုင်ငံတော်အကြည်ညိုပျက်စေသည့် သတင်းများဖော်ပြလျှင် ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားကာ သရက်ခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့(CPU) အဖွဲ့ဝင် ခရိုင် ဥပဒေအရာရှိ ဦးလှမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် သရက်ခရိုင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ပုဂ္ဂိုလ်များက ဆွေးနွေးမှုအပေါ် သက်ဆိုင်သည့်ဌာနအလိုက် ဖြေကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**

o-o-o-o-o-o-o



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မိုးညှင်းမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက သက်သေများနှင့်အတူ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ရန်ကုန်မြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မကြိုင်နှင့် မခင်ဖြိုးဝေဆိုသူတို့ သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ဘိန်းစိမ်း အလေးချိန် ၁၀ ကီလို၊ မြန်မာငွေကျပ် ၃ ဒသမ ၉၅ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မကြိုင်(၃၆)နှစ်နှင့် မခင်ဖြိုးဝေ(၂၆)နှစ်ဆိုသူတို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ တန့်ယန်းမြို့၊ ရပ်ကွက်(၆)နေ မပါခမ်းလူဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မပါခမ်းလူ(၅၂)နှစ်ဆိုသူအား တန့်ယန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**ရွှေဘို နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ရန်ကြီးအောင်လမ်းမပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အမှတ်(၁၀)ရပ်ကွက်နေသူများဖြစ်ကြသည့် ဟိန်းထက်ဇော်(ခ)ဗိုလ်ဟိန်း(၂၇)နှစ်၊ ငြိမ်းချမ်းအေး(ခ)ချမ်းချမ်း(၄၂)နှစ်ဆိုသူနှင့် အမှတ်(၅)ရပ်ကွက်နေ ယဉ်ထွေး(၅၁)နှစ်ဆိုသူတို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဟိန်းထက်ဇော်(ခ)ဗိုလ်ဟိန်း(၂၇)နှစ်၊ ငြိမ်းချမ်းအေး(ခ)ချမ်းချမ်း(၄၂)နှစ်နှင့် ယဉ်ထွေး(၅၁)နှစ်ဆိုသူတို့အား ရွှေဘိုမြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိ

**ကလော နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်၊ကလောမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးကာ ၁၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ မကွေ့ကျေးရွာခတ်အားခွဲရုံ အနီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဇေယျာကွက်သစ်ရပ်ကွက်နေ ထွန်းအောင်ကျော်(၄၃)နှစ်ဆိုသူမောင်းနှင်ပြီး ခရီးသည်များ လိုက်ပါလာသည့် JINBEI ခရီးသည်တင် မော်တော်ယာဉ်သည် ကလောမြို့မှ သာစည်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာ အရောက်၌ ဘရိတ်ပေါက်၍ လမ်းဝဲဘက်ခြမ်းပေ ၃၀ ခန့်အနက်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဒေါ်သန်းသန်းဦး(၆၉)နှစ်၊ မသန္တာဦး(၂၈)နှစ်၊ မောင်အံ့ဘုန်းသွင်(၈)နှစ်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ထွန်းအောင်ကျော်ဆိုသူ(ပါ) အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ထွန်းအောင်ကျော်ဆိုသူအား ကလောမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးနဲ့ ငလျင်(ဌာပနာအမွေအနှစ်များ-၁၇)

ရက္ခိတ(ရှေး/သု)

မန္တလေးငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရတဲ့ ဘုရားပုထိုးစေတီတွေထဲကနေ ထွက်လာတဲ့ ဌာပနာများ၊ ထူးခြားတဲ့ ရုပ်တုဆင်းတုတော်များကို သုတေသနပြုပြီး ဆောင်းပါးတွေ ရေးသားတင်ပြလာလိုက်တာ အတော်များနေပါပြီ။ စာဖတ်သူများအနေနဲ့ ငြီးငွေ့နေကြပြီလား မသိပါ။ စာရေးသူအနေနဲ့ကတော့ အချိန်အခါအရ ဗဟုသုတရစေချင်တဲ့ စေတနာနဲ့ ဆက်လက်ရေးသားနေဆဲပါ။ အခုလည်း အမရပူရမြို့ဟောင်း မှန်တန်းရပ်မှာတည်ထားပြီး ငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရတဲ့ ဆုတောင်းပြည့်စေတီထဲက ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲက ထူးခြားတဲ့ ဖန်ဆင်းတုတော်လေးတွေအကြောင်း ဗဟုသုတရစေရန် အလို့ငှာ မျှဝေလိုပါတယ်။ ကိုယ်ရည်မသွေးဘဲ ပြောချင်တာက တချို့သော ဌာပနာဆင်းတုရုပ်တုလေးတွေဟာ အတွေ့အကြုံနည်းပါးရင်၊ စာဖတ်အား နည်းပါးရင် ဘာလဲဆိုတာ သိနိုင်ဖို့ခက်ပါတယ်။ ဆိုလိုတာက ရှေးဟောင်းသုတေသန ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံသာမက စာပေဗဟုသုတဆိုင်ရာ အတွေ့အကြုံလည်း လိုအပ်လို့ပါ။ နောက်ပြီး သုတေသနဆိုတာ တောထဲတောင်ထဲသွားပြီး တူရွင်းနဲ့ ပေါက်ပြားတွေနဲ့တူးမှ သုတေသနမဟုတ်ပါ။ တွေ့နေမြင်နေကျ မဟုတ်ဘဲ ထူးခြားတဲ့ ပစ္စည်းကလေးတစ်ခုကို တွေ့ရရင်ပဲ ဘယ်ခေတ်ကာလ၊ ဘာလက်ရာဆိုတာမျိုးကို ဆက်စပ်စဉ်းစားတာမျိုးကလည်း သုတေသနတစ်မျိုးပါပဲ။ စဉ်းစားတယ်ဆိုတဲ့အခါမှာလည်း ကောက်ချက်ချဖို့၊ အဖြေရဖို့ဆိုရင် သဘာဝလည်းကျဖို့ လိုအပ်သလို ယုတ္တိရှိဖို့လည်း လိုအပ်ပြန်ပါသေးတယ်။ ဒါမှသာ စာဖတ်သူများ ဘဝင်ကျစေမှာပေါ့။



တစ်ခြမ်းဖောင်း ဖန်ဆင်းတုအပဲ့။

အမရပူရမြို့ဟောင်းမှာ ငလျင်ကြောင့် ပြိုပျက်ခဲ့ရပြီး ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲမှာ ဖန်နဲ့ပတ်သက်ပြီး ခွက်တော်တွေ ထည့်ထားလေ့ရှိတဲ့ ပင်နီဆီလင် ပုလင်းရှည်လိုမျိုး၊ ဖန်သပိတ်လိုမျိုးတွေ တွေ့ရတဲ့အခါ အော်·· ဒီစေတီကို နှောင်းခေတ်ကာလ ပြန်လည်ပြုပြင်ချိန်ထည့်ခဲ့လေသလားလို့ စဉ်းစားခဲ့မိပြီး အမှတ်တမဲ့ ပါပဲ။ ဒါပေမဲ့ တွေ့ရှိမှုများလာချိန်နဲ့ ဖန်ဆင်းတုလိုမျိုး၊ ဖန်စေတီလိုမျိုးတွေ ထပ်တွေ့လာပြန်တော့ အမှတ်တမဲ့ကနေ အမှတ်တရ ဖြစ်လာပါတယ်။ ငါတို့ရဲ့ အမရပူရခေတ်က ဘိုးဘေးတွေ သူတို့ကိုယ်တိုင်များ လုပ်ခဲ့လေသလားလို့ စဉ်းစားစရာ ဖြစ်လာပါတယ်။ သုတေသနနယ်ပယ်က မဟုတ်ရင် ရှေးဟောင်းဖန်ထည်နဲ့ပတ်သက်ပြီး ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက် တိုင်းပြည်တိုးတက်ခေတ်မီအောင် အနောက်နိုင်ငံတွေကို ပညာတော်သင် လူငယ်တွေစေလွှတ်ပြီး သူတို့ပြန်ရောက်လာမှ စက်မှုလုပ်ငန်းတွေ ထူထောင်တဲ့အခါ ဖန်ချက်စက်ရုံကနေ ထုတ်လုပ်ခဲ့တယ်ဆိုတာမျိုး၊ ဖန်ချက်ဝန် ဦးရွှေအိုး၊ ဦးမြူ စတဲ့ ပညာရှင်တွေလက်ထက်မှ ထုတ်လုပ်နိုင်ခဲ့တယ်ဆိုတာမျိုးလောက်ပဲ မှတ်ထားခဲ့ကြတာပါ။ ကဲ·· အခု ရတနာပုံခေတ်ထက်စောတဲ့ အမရပူရခေတ်က ဖန်နဲ့ပတ်သက်တဲ့ အထောက်အထားတွေ တွေ့လာရပြီလေ။ တွေ့တာမှ ဖန်စေတီဆိုရင် အပေါ်က ငွေ၊ ရွှေနဲ့အပြားခတ်ပြီး ဖန်ပေါ်ကကပ်ပြီး ဖန်တီးထားတာ သိပ်လက်ရာမြောက်တာပဲ။ အတွင်းက ဖန်ခံပြီး အပေါ်က ငွေပြားခတ် ပြုလုပ်ထားတဲ့ ရွှေ၊ ငွေစေတီလေးတွေအကြောင်း ကျွန်တော်ဆောင်းပါးအဖြစ် မန္တလေးနဲ့ငလျင် (ဌာပနာ အမွေအနှစ်များ-၁၅) မှာ ရေးသားခဲ့ပြီးပါပြီ။ အခုလည်း အမရပူရမြို့ဟောင်း စူဠာပါဒစေတီတော် ဌာပနာထဲကနေ အကောင်းမဟုတ်ဘဲ ပဲ့နေတဲ့ တစ်ခြမ်းဖောင်းဖန်ဆင်းတု အကြည်လေးတစ်ခု တွေ့ရပါတယ်။ ဖန်စေတီမတွေ့ခင်အချိန်မို့လို့ အချက်အလက် အင်္ဂါရပ်တွေက အမရပူရခေတ်လက်ရာ ဖြစ်သော်လည်း ဆုံးဖြတ်ဖို့ရာ အနည်းငယ် တုံ့ဆိုင်းနေမိခဲ့တာ အမှန်ပါ။ ဟော·· မှန်တန်းရပ်က ဆုတောင်းပြည့်စေတီ ဌာပနာတွေထဲကနေ ဖန်ပုလင်း နှစ်ခု၊ ဖန်စေတီ အပြည့်အစုံနီးပါး တစ်ဆူနဲ့ လေးဖက်ချ ဆင်းတုကြမ်း တစ်ဆူတို့ကို တွေ့ရတဲ့အခါမှ အမရပူရခေတ် လက်ရာရယ်လို့ ရဲရဲတင်းတင်း ပြောရဲတာပါ။ ဖန်စေတီအကြောင်းက ရေးပြီးသားမို့ အခုတင်ပြမယ့် ဖန်ဆင်းတု နှစ်ဆူကို အမရပူရခေတ် ဘိုးဘေးများကိုယ်တိုင် ဖန်တီးခဲ့တဲ့ ရှေးပစ္စည်းဆိုတာ ဗဟုသုတအလို့ငှာ အခိုင်အမာ ဆက်လက်တင်ပြလိုက်ရပါတယ်။ ပထမစူဠာပါဒစေတီထဲက တွေ့လာရတဲ့ ဖန်ဆင်းတုအကြောင်း တင်ပြပါ့မယ်။ အဲ့ဒီဖန်ဆင်းတုလို ဆင်းတုတော်များစွာကို အမရပူရခေတ်မှာ မြေမီးဖုတ် အုတ်ခွက်ဆင်းတု(ဆရာကြီး ဒေါက်တာသန်းထွန်း အသုံးအနှုန်းနဲ့ပြောရရင် မြေပုံဘုရား)အဖြစ်လည်းကောင်း၊ ခဲလောင်းဘုရားအဖြစ်လည်းကောင်း ရှမ်းပြည်နယ် တစ်ခွင်မှာ အရင်က များစွာတွေ့ခဲ့ရပါတယ်။ အခု ငလျင်ကြီးကြောင့် ဌာပနာတွေထဲက ခဲလောင်းဘုရားတွေကို အမရပူရဌာနေမှာ ရာပေါင်းများစွာ တွေ့ရတာပါ။ ဒါကြောင့် အခုတွေ့ရတဲ့ ဖန်ဆင်းတုဟာ အချက်အလက်နဲ့ အစိတ်အပိုင်းများ အထောက်အထားအရ အမရပူရခေတ် လက်ရာတစ်ခုဆိုတာ အခိုင်အမာပြောနိုင်ပါတယ်။ ဒါပေမဲ့ ဖန်အကြည်နဲ့ ဖန်တီးထားတဲ့ အခုလို ပုံလောင်းဘုရားမျိုးတွေ့ရတာ အခုပထမဆုံးပါ။ အရေအတွက်အနေနဲ့မများဘဲ တစ်ဆူတည်း တွေ့ရတာဆိုတော့ ကျွန်တော်တို့ ဘိုးဘေးတွေ ဖန်တီးခဲ့တာမှ ဟုတ်ရဲ့လားလို့ စဉ်းစားစရာ ဖြစ်နေပါတယ်။ ဒါဆိုရင် ပြည်တွင်းဖြစ်မဟုတ်ဘဲ ပြင်ပကနေ တင်သွင်းလာတာလို့ စဉ်းစားကြည့်ရအောင်။ ဘယ်ဒေသက လုပ်သလဲ။ သေချာတာတစ်ခုကတော့ ဗုဒ္ဓဘာသာဝင် ဒေသကပဲ လုပ်မှာပေါ့။ ဘာသာခြားတွေကတော့ မလုပ်လောက်ပါဘူး။ ဘာသာတူ ဒေသဆိုရင် တရုတ်၊ ထိုင်း၊ သီဟိုဠ်နဲ့ အိန္ဒိယ စတဲ့ ဒေသတွေထဲ တစ်ခုခုဖြစ်မယ်လို့ စဉ်းစားရပါတယ်။ ဒါဆိုရင် အဲ့ဒီဒေသတွေနဲ့ အမရပူရနဲ့ ကူးလူးဆက်သွယ်မှု အဆက်အသွယ်ရော ဘယ်လောက်ရှိသလဲဆို တစ်ခါတလေလောက်ပဲ ရှိခဲ့တာပါ။ တရုတ်ကမှ ဗန်းမော်ကတစ်ဆင့်၊ သိန္နီကတစ်ဆင့် အရောက်အပေါက်များသေးတယ်။ အဲ့ဒီလိုဆို အဆက်အဆံများတဲ့ တရုတ်ကဖြစ်စေ ထိုင်း၊ သီဟိုဠ်နဲ့ အိန္ဒိယကဖြစ်စေ ဖန်ဆင်းတုကို ဖန်တီးရောင်းချမယ်ဆိုရင် သူတို့ဟန် သူတို့လက်ရာပဲ ဖြစ်မယ်လို့ ကောက်ချက်ချရပါမယ်။ နောက်ပြီး စီးပွားဖြစ် တင်သွင်းခဲ့ရင်လည်း များများစားစား တွေ့သင့်ပါတယ်။ အခုတော့ တွေ့တာက ရှားရှားပါးပါး တစ်ဆူတည်းဖြစ်တဲ့အပြင် လက်ရာဟန်ကလည်း အမရပူရဟန်လေ ဆုတောင်းပြည့်စေတီ ဌာပနာထဲက တွေ့ရတဲ့ ဆင်းတုတော်ကလည်း လေးဖက်ချ ပုံကြမ်းလေ၊ ပြင်ပကနေ ပုံကြမ်းလေးဖက်ချတော့ မတင်သွင်းဘူးလို့ သုံးသပ်ရပြန်ပါတယ်။

စဉ်းစားစရာ နောက်တစ်ချက်က ဖန်ပစ္စည်းတွေကို အမရပူရခေတ်လက်ရာ ချိတ်ခံငွေဆင်းတုတော် ရာပေါင်းများစွာနဲ့အတူတွဲလျက် တွေ့ရတာပါ။ ဒီတော့ အဆင့်မြင့်စွာ ထုတ်လုပ်ရတဲ့ ဖန်စေတီလို လက်ရာမျိုးရဲ့အပေါ်ကနေအုပ်ပြီး ဖန်တီးထားတဲ့ ငွေပြားခတ်လက်ရာကလည်း အမရပူရခေတ်လက်ရာပါလို့ ဆိုရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ချိတ်ခံငွေဆင်းတုတော်တွေရဲ့ ငွေပြားနဲ့ ဖန်စေတီအပေါ်က ငွေပြားဟာ အရည်အသွေးရော၊ လက်ရာရော၊ အရောင်အသွေးပါ အတူတူ ဖြစ်နေလို့ပါပဲ။ ဒါကြောင့် အတွင်းကချိတ်ခံ ငွေဆင်းတုတော်တွေကို အမရပူရခေတ် ဘိုးဘေးတွေ လုပ်တာဆိုရင် ဖန်ခံငွေ၊ ရွှေစေတီတွေကိုလည်း သူတို့ပဲ ဖန်တီးခဲ့တာလို့ အခိုင်အမာ ကောက်ချက်ချလို့ ရနေပါတယ်။ အဲ့ဒီချိတ်ခံ ငွေဆင်းတုတော် အချို့ရဲ့ ပလ္လင်နောက်ကျောနဲ့ အောက်ခြေမှာ အလှူရှင်နာမည်နဲ့ ကောင်းမှုကမ္ပည်းစာတွေကိုလည်း တွေ့ရတဲ့အတွက် ပြည်တွင်း လက်မှုပညာရှင်ပြုလုပ်ခဲ့တယ်ဆိုတာ ပိုပြီး ခိုင်မာသွားစေပြန်ပါတယ်။ ချိတ်ခံငွေဆင်းတုတော် များစွာတွေ့ရတဲ့ စေတီတော်ဆိုတာလည်း ဉာဏ်တော်ကြီး၊ သမိုင်းဝင်နာမည်ကြီး၊ စေတီတော်ကြီးတွေ၊ ဘုရင့်ကောင်းမှုစေတီတော်တွေလည်း မဟုတ်ရပါ။ သာမန်ဉာဏ်တော်ရှိတဲ့ သာမန်စေတီတော်တွေပဲ ဖြစ်တဲ့အတွက် ဌာပနာတွေကိုလည်း ဆွေမျိုးမိတ်သင်္ဂဟ ပြည်သူတွေပဲ ပေါင်းစုထည့်သွင်းခဲ့ကြတာ ဖြစ်ရပါတယ်။ ဆိုလိုချင်တာက အဲ့ဒီလို သာမန်စေတီတော်ထဲ ထည့်သွင်းဌာပနာခဲ့တဲ့ များစွာသော ချိတ်ခံငွေဆင်းတုတော်တွေဟာ ဘယ်လိုနည်းနဲ့မှ ပြင်ပက မှာယူတင်သွင်းတာ၊ ဝယ်ယူကုသိုလ်ပြုတာ မဟုတ်နိုင်ပါဘူး။ အထူးသဖြင့် ဘာသာရေး ကုသိုလ်ရေးနဲ့ ပတ်သက်ပြီး မြန်မာလူမျိုးတွေဟာ ဘယ်လောက်သဒ္ဓါထက်သန်သလဲဆိုတာ ပြောစရာတောင် လိုမယ်မထင်ပါဘူး။ သမိုင်းမတင်မီခေတ်ကတည်းက ဘာသာရေးနဲ့ နှီးနွှယ်ပြီး ပန်း ၁၀ မျိုးဆိုတာ ဖန်တီးပြုလုပ်ခဲ့ကြတာပါ။ ဒါကြောင့် ချိတ်ခံငွေ၊ ရွှေဆင်းတုတော်တွေနဲ့ စေတီတော်လေးတွေဟာ ပြည်တွင်း ပန်းပညာရှင်ရဲ့ လက်ရာဖြစ်တယ်လို့ ဆိုရခြင်း ဖြစ်ပါတယ်။ ဆက်စပ်ပြောရရင် အခုဆောင်းပါးရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဖောင်းကြွဖန်ဆင်းတုနဲ့ လေးဖက်ချဆင်းတုတော်ကိုလည်း အမရပူရခေတ် အဂ္ဂိရတ်ပညာရှင်တွေ ဖန်တီးခဲ့တာလို့ သုံးသပ်လို့ ရပါတယ်။ ရှင်းပြပါ့မယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းမတင်မီ ကြေးခေတ်ကတည်းက ပုံစံခွက် ( Mould )အသုံးပြုပြီး ကြေးလက်နက်တွေ အသုံးအဆောင်တွေ လုပ်တတ်နေပါပြီ။ ကြေးခေတ်လွန်လို့ သံခေတ်ရောက်တဲ့အခါ ရှေးဟောင်းသုတေသနရဲ့ တူးဖော်မှုတွေကနေ ဖန်နားဆွဲနဲ့ ဖန်လက်ကောက်တွေကို သေဆုံးသူ ရုပ်ကြွင်းများမှာ ဝတ်ဆင်လျက်သား တွေ့ခဲ့ရပါတယ်။ ပျူခေတ်မှာတော့ ဖန်လက်ကောက်၊ နားဆွဲအပြင် သေးငယ်တဲ့ ပုတီးစေ့လေးတွေကို လုပ်တတ်ခဲ့ပြီး တူးဖော်မှုကရော ဝါသနာရှင်တို့ရဲ့ စုဆောင်းမှုကရော တွေ့ခဲ့ရပါတယ်။ တကယ်တော့ ဖန်ဆိုတာ (Silica sand ) လို့ခေါ်တဲ့ သဲကို အပူပေးပြီး ကျိုရာကနေ ရလာတာပါ။ အဲ့ဒီလိုသဲမျိုးကို မြန်မာနိုင်ငံ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ အရောင်နဲ့ ဖန်ထည်ကို လိုချင်ရင်တော့ ဒုတ္တာမှုန့် ရောကျိုခြင်းဖြင့် ရရှိနိုင်ပါတယ်။ အဲ့ဒီလို ဒုတ္တာစိမ်းရောင်ပါတဲ့ ဝိုင်းစက်နေတဲ့ ဖန်လက်ကောက်တွေကို သီရိခေတ္တရာ၊ ဟန်လင်းနဲ့ စမုံမြစ်ဝှမ်းတစ်လျှောက်ကနေ စုဆောင်းရခဲ့တာ အများကြီးပါ။ နိဂုံးချုပ်အားဖြင့် ပြောရရင် ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်ကတည်းက ရှေးမြန်မာတွေ ဖန်အသုံးအဆောင် လုပ်တတ်နေပါပြီ။ အဲ့ဒီအတတ်ပညာဟာ ရွက်ပုန်းသီးသဘောမျိုး စီးပွားဖြစ် မထုတ်လုပ်ဘဲ ဘာသာရေး၊ ကုသိုလ်ရေး လုပ်ငန်းများအတွက်သာ အသုံးချပုံ ရခဲ့ပါတယ်။ စီးပွားဖြစ် အများကြီးမထုတ်တဲ့အတွက် လက်ရာကိုလည်း အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းထားခဲ့တယ်ဆိုတာ အသေအချာပါပဲ။ ဒါ့ကြောင့် မန္တလေးတစ်ခို လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်း ငလျင်ကြီးဒဏ်ကြောင့် ပြိုပျက်ခဲ့ရတဲ့ အမရပူရမြို့ရှိ ဘုရားစေတီတွေထဲက တွေ့လာရတဲ့ တစ်ခြမ်းဖောင်းဖန်ဆင်းတု၊ လေးဖက်ချ ဖန်ဆင်းတု၊ ဖန်သပိတ်နဲ့ ဖန်စေတီလေးတွေဟာ ပြင်ပကနေ ဝယ်ယူ တင်သွင်းလှူဒါန်းကြတာမဟုတ်ဘဲ ပြည်တွင်းပညာရှင်များရဲ့ ရွက်ပုန်းသီးပညာကနေ ဖန်တီးမှုအစစ်အမှန်လို့ ဂုဏ်ယူစွာ တင်ပြလိုက်ရပါကြောင်း။



လေးဖက်ချ ဖန်ဆင်းတုပုံကြမ်း။

ကိုးကား - တူးဖော်မှု အစီရင်ခံစာများ(ရှေး/သု/ပြ)
- ကွင်းဆင်းလေ့လာတွေ့ရှိချက်

❖ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာနည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့ မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၃ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၂၇ ဦး၊ ပါကစ္စတန်နိုင်ငံသား ငါးဦးနှင့် ကာဇက်စတန်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၃ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။(ဓါတ်ပုံ)

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Damir Akhmetov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ

*စာမျက်နှာ ၇ သို့* ❑

## AFC Best Grassroots Club Winner ဆုမြန်မာမှ Future Stars Football Training (FSFT) ဆွတ်ခူး

**နေပြည်တော် နိုဝင်ဘာ ၁၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပနေ သည့် AFC Grassroots Conference 2025တွင် AFC Best Grassroots Club Winner ဆု ကို မြန်မာမှ Future Stars Football Training (FSFT)က လက်ခံရရှိခဲ့ပြီး ဥက္ကဋ္ဌ ဒေါက်တာ ရဲဝင့်ကျော်က ဆုလက်ခံရယူခဲ့သည်။

AFC Special Grassroots Award အတွက်ဆုများဖြစ်သည့် (1) Best Grassroots Leader၊ (2) Best Grassroots Project၊(3) Best Grassroots Club၊ (4) Best Grassroots Competition တို့အား ချီးမြှင့်ခြင်း ဖြစ်သည်။

"FSFT အနေနဲ့ ကလေးငယ်များအတွက် တိုးတက်စေမယ့် အခြေခံဘောလုံး သင်တန်းများ၊ အခမဲ့နွေရာသီ ဘောလုံးသင်တန်းများ၊ ကျောင်းတွင်း ဘောလုံးသင်ကြားမှုများကို စနစ်တကျပြုလုပ်ပေးတဲ့အပြင် ပျော်ရွှင်စိတ်ချရတဲ့ဘောလုံးပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ Future Stars ဟာ “Football for All” ဆိုတဲ့ AFC ရဲ့ ဆောင်ပုဒ်စကားအတိုင်း အမှန်တကယ်အကောင်အထည်ဖော်နေတဲ့ အသင်းဖြစ်တဲ့အပြင် Grassroots ဘောလုံးတိုးတက်မှုအတွက် FSFT ရဲ့ နှစ်များစွာကြိုးစားအားထုတ်မှုတွေကို အသိအမှတ်ပြုသောအားဖြင့် ဒီဆုကို ပေးအပ်တာဖြစ်ပါတယ်"လို့ AFC က ပြောကြားခဲ့သည်။

"AFC က ပေးအပ်တဲ့ အကောင်းဆုံးဆုတစ်ခုကို ရခဲ့တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ Future Stars Football Training အတွက်သာမက မြန်မာဘောလုံးလောကအတွက်လည်း ဂုဏ်ယူစရာအခိုက်အတန့်ဖြစ်မယ်ထင်ပါတယ်။ လူငယ်ဘောလုံး ဖွံ့ဖြိုးရေးအတွက် ကြိုးစားအားထုတ်မှုတွေကို အသိအမှတ်ပြုခံရတယ်လို့ ခံစားရပါတယ်။ရှေ့ဆက်ကြိုးစားဖို့အတွက် ဒီဆုကနေ ခွန်အားတွေ ရရှိလာပါတယ်" ဟု AFC၏ ဆုကို လက်ခံယူအပြီး ဒေါက်တာ ရဲဝင့်ကျော်က ပြောကြားခဲ့သည်။ **(NGB)**




## အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မန္တလေးနေ့စဉ် သတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိပါသည်။

မန္တလေးနေ့စဉ်

## အဲဗာတန်အသင်းနှင့် ကစားမည့်ပွဲစဉ်အား ပြောင်းလဲကျင်းပပေးရန် ပရီးမီးယားလိဂ်ထံ အာဆင်နယ်အသင်းတောင်းဆို

**လန်ဒန် နိုဝင်ဘာ ၁၁**

အာဆင်နယ်အသင်းသည် သုံးရက်အတွင်း နှစ်ပွဲယှဉ်ပြိုင်ကစားရမည့် အခြေအနေအား ရှောင်ရှားနိုင်ရန်အတွက် ခရစ္စမတ်မတိုင်မီ အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပရီးမီးယားလိဂ်အဝေးကွင်းပွဲစဉ်အား မူလသတ်မှတ်ထားသည့် ရက်ထပ်တစ်ရက်စော၍ ကစားခွင့်ပေးရန် တောင်းဆိုလာခဲ့သည်။



အာဆင်နယ်အသင်းသည် အဲဗာတန်အသင်းနှင့် ကနဦး ဒီဇင်ဘာ ၂၁ရက်(တနင်္ဂနွေ)တွင် ကစားရန် လျာထားသည့်ပွဲစဉ်အား ဒီဇင်ဘာ ၂၀ရက် (စနေနေ့) သို့ ပြောင်းလဲကျင်းပပေးရန် ပရီးမီးယားလိဂ်ထံ တောင်းဆိုလာခြင်းဖြစ်သည်။ **(NGB)**